ကာလေန ဓမ္မသာဝန် ဇတာ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၇)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အခြေခံအဆောက်အအုံများ နိုင်ငံတစ်ဝန်းလုံးမှာတည်ဆောက်လျက်ရှိ

တပ်မတော်နှင့်ပြည်သူ လက်တွဲပြီး နိုင်ငံတော်အတွက် စီးပွားရေးအခြေခံ အဆောက်အအုံတွေ၊ လူမှုရေးအခြေခံအဆောက်အအုံတွေကို နိုင်ငံ တစ်ဝန်းလုံးမှာ လက်ညှိုးထိုးမလွဲအောင် တည်ဆောက်လျက်ရှိတယ်။ တစ်နိုင်ငံလုံးမှာ ဖွံ့ဖြိုးတိုးတက်မှု ကွန်ရက်တည်ဆောက်တဲ့အနေနဲ့ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပေးကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ပြီး အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ် ထွန်းကားလာအောင် တည်ဆောက်လျက်ရှိတယ်။ ဒ့ါအပြင် ဖွံ့ဖြိုးတိုးတက်မှုကွန်ရက်မှာ အကြားအလပ် မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

25-3 (1).p65 1 3/24/05, 10:54 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၂၅ ရက်)

အခြေခံကောင်းများ ပိုမိုတည်တံ့ခိုင်မြဲရေး ကြိုးပမ်း ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင်စွမ်းဆောင်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မှုတို့သည် အခြေခံအကျဆုံး အဓိကလိုအပ်ချက်သုံးရပ်ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အဆိုပါအဓိကလိုအပ်ချက် သုံးရပ်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မြဲနေမှုအခြေခံသည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ခိုင်ခိုင်ခံ့ခံ့ တိုးပွားဖြစ်ထွန်းနေရန်လည်း လိုအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မတ်လ ၂၀ရက်နေ့ နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌–

“နိုင်ငံတော်လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ယွင်းပြီး တစ်ဦးအပေါ် တစ်ဦး သံသယပွားကာ ပဋိပက္ခများဖြစ်လာခဲ့သဖြင့် နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း။ တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်ကို ရယူခဲ့ချိန်မှစ၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဖြစ်ထွန်းမှသာ တိုင်းပြည်စီးပွားရေး တောင့်တင်း ခိုင်မာပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်မည်။ သို့မှသာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ငြိမ်းချမ်းရေးရရှိဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း”

ပြောကြားခဲ့သည်။

နိုင်ငံတော် အစိုးရသည် ငြိမ်းချမ်းသာယာလာသော နယ်စပ်ဒေသအစွန်အဖျားဒေသများကို ထုထည်ပမာဏကြီးမား လှသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကြီးကို ချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းသားခေါင်းဆောင်များနှင့်တကွ နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကြီး၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာပြီး နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက်ကာ ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဘဝသည်လည်း တိုးတက်မြင့်မားလျက်ရှိနေပြီ ဖြစ်သည်။

ထို့အပြင် နယ်စပ်ဒေသများ၌ သမိုင်းနှင့်ချီပြီး ဖြစ်ပေါ်နေခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို တပ်မတော်အစိုးရလက်ထက်တွင် မြန်မာ့မြေပေါ်မှအပြီးတိုင် ပပျောက်သွားစေရေးအတွက် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ယခုအခါ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကြီးကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။

တိုင်းရင်းသားခေါင်းဆောင်များ၊ဒေသအာဏာပိုင်များ၊ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတော်၏ အစီအမံများ၊ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က စတင်၍ မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ ၁၅နှစ် စီမံကိန်းကြီးကို အားဖြည့် အရှိန်မြှင့်တင်ပေးသည့်အနေဖြင့် ပန်းတိုင်သစ်စီမံကိန်းကိုချမှတ်ပြီး ဘိန်းစိုက်တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ကာ ဘိန်းအစားထိုးစိုက်ပျိုးရေး သီးနှံမျိုးစေ့များ၊ဝင်ငွေအစားထိုး စီးပွားရေး လုပ်ငန်း လိုအပ်ချက်များ၊ ဆန်၊ ဆားစသည့် ဝမ်းစာလိုအပ်ချက်များ ပံ့ပိုးပေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်သူများ ကိုယ်တိုင်က ဘိန်းမျိုးစေ့များ၊ ဘိန်းသီးများပြန်လည်အပ်နှံ၍ ဘိန်းစိုက်ပျိုးမှုလုပ်ငန်းများကို စွန့်လွှတ်လာသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများအပေါ် မိဘက သားသမီးအပေါ်ထားရှိသည့်မေတ္တာ၊ စေတနာမျိုးဖြင့် ပြည်သူများ ကောင်းရာကောင်းကျိုးအတွက် အမြဲမပြတ်ဂရုပြုစောင့်ရှောက်ပေးလျက်ရှိသည့် အားလျော်စွာ နိုင်ငံတော်အတွင်း ထူးထူးခြားခြား တိုးတက်ပြောင်းလဲဖြစ်ထွန်းမှုများမှာ လက်ညှိုးထိုး၍ မလွဲအောင်ပင် တွေ့မြင်နေရပြီ ဖြစ်သည်။

သို့ဖြစ်ရာ ဤကဲ့သို့ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများ တိုးတက်ဖြစ်ထွန်းနေချိန်တွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာမှု အခြေခံကောင်းများ ပိုမိုတည်တံ့ခိုင်မြဲစေရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မတ် ၂၃ ရက်က အထက(၂)လသာ၏ (၁၃) ကြိမ်မြောက် ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ မဟာဓမ္မဗိမာန်တော်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အုန်းမြင့်နှင့် မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာဆရာမများက ရွှေမင်းဝံသာသနာ့ရိပ်သာဆရာတော်ထံမှ ရှစ်ပါး သီလခံယူဆောက်တည်ကြစဉ်။ (မြန်မာ့အလင်း)

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး စာမူဆုရရှိသူများစာရင်း ကြေညာ

ရန်ကုန် မတ် ၂၄

၂၀၀၃ခုနှစ် မြဝတီရောင်စုံဓာတ်ပုံ ပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီ မဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံး စာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာလိုက်သည်။ မြဝတီရောင်စုံဓာတ်ပုံ ပြိုင်ပွဲတွင် ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)က ဒုတိယဆု၊ ကိုကိုဆန်နီ(သီဂီရွှေရည်)က တတိယဆု အသီးသီးရရှိကြသည်။

၂၀၀၃ ခုနှစ်အတွက် မြဝတီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို စိုးစံက လည်းကောင်း၊ အကောင်းဆုံး ကဗျာဆုကို မြင်းမူ မောင်နိုင်မိုး၏ **‘အနိုင်အရှုံး၏ရသ’** က လည်းကောင်း၊ အကောင်းဆုံး ဆောင်းပါးဆုကို ရဲထွန်း(စစ်ပညာ)၏ **‘ပုဂံဗုဒ္ဓဘာသာ’** က လည်းကောင်း၊ အကောင်းဆုံး ဝတ္ထုတိုဆုကို ရွှေသဥ္ဇာ၏ **‘ပညာပေးဇာတ်လမ်း’** က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မောင်ရည်သွေး၏ **‘ဆဒ္ဒန်ရှင်မကေရီ’** ကလည်းကောင်း၊ ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို အောင်ချမ်းမြေ့ (မင်းဘူး)က လည်းကောင်း၊ အကောင်းဆုံး ကဗျာဆုကို မောင်ဟေမာ၏ **‘ရိုးတစ်သွယ်နှင့် လယ်တစ်စင်း’** ကလည်းကောင်း၊ အကောင်းဆုံး ဆောင်းပါးဆုကို တင်ထွန်းဦး (ယဉ်ကျေးမှု)၏ **‘မင်းသားကြီး ပုလဲစိန်’** က လည်းကောင်း၊ အကောင်းဆုံး ဝတ္ထုတိုဆုကို ဝင်းနွယ် (သစ်တော)၏ **‘သံယောဇဉ်တစ်မျှင်ကြိုးရယ်ကြောင့်’** က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မုဒ္ဒုံသုမွန်၏ **‘ပါးမှာနံ့သာ ခါးမှာပဝါ’** က လည်းကောင်း အသီးသီး ရရှိကြသည်။ ဆုချီးမြှင့်ပွဲကို မတ်၂၉ရက် (တနင်္လာနေ့) ညနေ ၆နာရီခွဲတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မော်ဘီတွင် ကျင်းပသွားမည်ဖြစ်သဖြင့် ဆုရရှိသူများအနေဖြင့် မတ်၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီ နောက်ဆုံး ထား၍မြဝတီစာပေတိုက် ရုံးခွဲ အမှတ် ၁၈၁ ၃၂လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၈၂၆၇၄နှင့် ၆၄၂၂၀၃ တို့သို့ ဆက်သွယ် သတင်းပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၀ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၉)အခြေခံပညာ မူလတန်း ကျောင်း၏ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ကျောင်းခန်းမတွင် ပြုလုပ်ရာ စတုတ္ထတန်းကျောင်းသူ မ ခင် ခင် ချစ် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဋ္ဌေးက သင်ယူပြီး မြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က–ပ)

နွေကိုချစ်သည့် ချစ်သူ အသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စိုးနောင် (ပေါက်ကုံ)၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ်ထုတ်လွှင့်သည့် **‘နွေကိုချစ်သည့် ချစ်သူ’** အသံလွှင့်ဇာတ်လမ်းကို မတ် ၂၇ ရက် ည ၇ နာရီ ၁၅မိနစ်တွင် မြန်မာ့အသံမှ ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီ အောင်လွှင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဉက္ကာမင်းမောင်၊ မိုးပြည့်ပြည့်မောင်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ **(ယာပုံ)**

(သတင်းစဉ်)

မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်တက်ရောက်

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နှစ်နိုင်ငံအပြန်အလှန်လဲလှယ်မှု စာလွှာများ၊ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမဦးကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတက်ရောက်

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တစ်နေ့တန်(၅၀၀)ကျ ယူရီးယားဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်နှင့် China CAMC Engineering Co., Ltd. ဥက္ကဋ္ဌ Ms. Luo Yan တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြောင်းတကာ-လှိုင်သာယာ-ရေကြည် (၂၃၀) ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Electric Power International Economic & Trade Co., Ltd. (CCPG) တို့ စက်ပစ္စည်းများဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် State Grid Corporation of China ဒုတိယဥက္ကဋ္ဌ Mr. Zheng Baosen˚တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုးလဲလှယ်

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုမည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးနှင့်ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်နှင့် အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးရေးမူဘောင် သဘောတူစာချုပ်တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Chen Jian တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော ဆက်သွယ်ရေးလုပ်ငန်း စီမံကိန်းအဆင့်(၂)အတွက် သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးမည့် ငွေချေးစာချုပ်ကို မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် တရုတ် ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr. Yang Zilin တို့ကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export Credit and Insurance Corporationနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် စာချွန်လွှာကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ကလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတိုးမြှင့်ရေးကောင်စီတို့အကြားချုပ်ဆိုသော နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတိုးမြှင့်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ Madam Gao Yan တို့ကလည်းကောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ပထမအသုတ် Hydraulic သံထည်ပစ္စည်းများဝယ်ယူရန် ဝယ်ယူချေးငွေစာချုပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ Mr. Yang Zilin တို့ကလည်းကောင်း၊ ရဲရွာရေအားလျှပ်စစ် စီမံကိန်းအတွက် ပထမအသုတ် ရေအားအဆောက်အအုံ သံထည်ပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် China National Electric Equipment Corporation ဥက္ကဋ္ဌ Mr. Jia Ding တို့က လည်းကောင်း၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation ဥက္ကဋ္ဌ Mr. Hou Weigui တို့ကလည်းကောင်း၊ ကွန်းရေအားလျှပ်စစ်စီမံကိန်းအတွက် ရေအားအဆောက်အအုံ သံထည်ပစ္စည်းများဝယ်ယူရေးနှင့် လျှပ်စစ်နှင့် စက်မှုဆိုင်ရာပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တရုတ်အမျိုးသား အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း ဥက္ကဋ္ဌ Mr. Lu Wenjun တို့က လည်းကောင်း၊ မြောင်းတကာ-လှိုင်သာယာ-ရေကြည် (၂၃၀)ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Electric Power International Economic & Trade Co.,Ltd. (CCPG)တို့ စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် State Grid Corporation of China ဒုတိယဥက္ကဋ္ဌ Mr. Zheng Baosen တို့ကလည်းကောင်း၊ တစ်နေ့မှန်ရည်တန် (၁၅၀) Float Glass မှန်စက်ရုံ စီမံကိန်းအတွက် သဘောတူညီမှုစာချွန်လွှာကို အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် China National Technical Import & Export Corporation ဥက္ကဋ္ဌ Mr. Jiang Xinsheng တို့က လည်းကောင်း၊ တစ်နေ့တန် (၅၀၀)ကျ ယူရီးယားဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်ရှိန်နှင့် China CAMC Engineering Co.,Ltd ဥက္ကဋ္ဌ Ms.Luo Yan၊ China Huanqiu Contracting & Engineering Corporation ဥက္ကဋ္ဌ Mr.Wang Shihong တို့ကလည်းကောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် ရေအား အဆောက်

စာမျက်နှာ ၁၂ ကော်လံ ၅ သို့

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ရေးကောင်စီတို့အကြား ချုပ်ဆိုသော နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု တိုးမြှင့်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ Madam Gao Yan တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးသည် မြန်မာလူမျိုးများအမြတ်တနိုးတန်ဖိုးထားသည့်ပွဲတော်ဖြစ် ယဉ်ကျေးမှုအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာဆင်နွှဲနိုင်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ပြည်သူများစိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ပွဲတော်ကြီးတွင်ပါဝင်ဆင်နွှဲနိုင်ကြရန် စနစ်တကျကြပ်မတ်

ရန်ကုန် မတ် ၂၄

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင် ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကြီးကို ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်း စဉ်လာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများစိတ်ရွှင်လန်း ချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲ နိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်။

မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက် တတ်ကြစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် စနစ်တကျ စည်စည်ကားကား ကျင်းပသွားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း။

ဖွဲ့စည်းတာဝန်ပေး

မဟာသင်္ကြန်ပွဲတော်ကြီး စနစ်တကျ ဖြစ်ထွန်းစေရေးအတွက် ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယကအဖွဲ့၊ စည်းကမ်းထိန်း သိမ်းရေးကော်မတီနှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ များကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးမှာ မြန်မာလူမျိုးများ အမြတ်တနိုး တန်ဖိုးထားကြသည့် မွန်မြတ်သန့်စင်လှသည့် ရိုးရာပွဲတော် ကြီးတစ်ခုဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ပျော်ရွှင်ရွှင် ရင်းနှီးချစ်ကြည်စွာ ရေပက်ကစားခြင်းအပြင် ဥပုသ်သီတင်း သီလဆောက် တည်ခြင်း၊ သက်လွှတ်ပွဲများ ပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်း၊ လူကြီးမိဘ သက်ကြီးရွယ်အိုများအားပြုစုခြင်း စသည့်ဘာသာရေးနှင့် ယဉ်ကျေးမှု ပေါင်းစပ် ပါဝင်သည့် အစဉ်မြတ်နိုးတန်ဖိုးထားဖွယ် ပွဲတော်ကြီးတစ်ခုဖြစ်သည်နှင့်အညီ မြန်မာလူမျိုးများအားလုံးက ယခုအချိန်အထိ အလေးထားထိန်းသိမ်းစောင့်ရှောက် လာခဲ့ကြခြင်းဖြစ်ကြောင်း။

စနစ်တကျထိန်းသိမ်း

သို့ဖြစ်၍ အချို့သောလူငယ်လူရွယ် အစိတ်အပိုင်းများအကြား ပြည်ပက ဝင်ရောက်ကူးစက်လာသည့် တိုင်းတစ်ပါးအမူအကျင့်၊ ဓလေ့စရိုက်၊ ဝတ်စား ဆင်ယင်မှုများကို သင်္ကြန်ပွဲတော်အတွင်း ကူးဝင်မလာစေရအောင်နှင့် အစဉ် အဆက် ထိန်းသိမ်းခဲ့သော သန့်စင်မွန်မြတ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ယိုယွင်းလျော့ပါးမသွားစေရအောင် စနစ်တကျထိန်းသိမ်း စောင့်ရှောက်မှုများ နှစ်စဉ်ပြုလုပ်နေခြင်းဖြစ်ကြောင်း။

အထူးသဖြင့် အချို့သော အပျော်လွန်သူများကြောင့် မဟာသင်္ကြန်ကာလ အတွင်း မူးယစ်ရမ်းကားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ သရုပ်ပျက်မှုများမရှိ စေရန် စည်းကမ်းထိန်းသိမ်းစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက် သွားကြရန်လိုကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့အနေဖြင့် မျိုးဆက်သစ်လူငယ်များအကြား မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးအလေးထားထိန်းသိမ်းမှု များ တိုးပွားလာစေရေး ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် အချိန်ကာလလည်းဖြစ်ကြောင်း။

သို့ဖြစ်၍ မဟာသင်္ကြန်ကာလအတွင်း လူငယ်လူရွယ်များအပါအဝင် ပြည်သူများ စိတ်အေးပျော်ရွှင် ချမ်းမြေ့စွာဖြင့် မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနိုင်ကြစေရအောင်နှင့် မလိုလားအပ်သည်များ မဖြစ်ပွားစေရအောင် စနစ်တကျ ထိန်းသိမ်းကြပ်မတ် ပေးသွားကြရန် လိုကြောင်း။

ပြည်သူများစိတ်အေးချမ်းသာရေး

ထို့ကြောင့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့် မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ လူငယ်လူရွယ်များ အပါအဝင် ပြည်သူအများ ပျော်ရွှင်ချမ်းမြေ့စွာ၊ စိတ်အေးသက်သာစွာ ပျော်ပျော်ပါးပါး ဆင်နွှဲနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဖေးမစောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးလုပ်ငန်း များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြ သူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြ ချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

မတ် ၂၃ ရက်က မိုဆူးလ်မြို့တွင် အမေရိကန်အလံကိုမီးရှို့၍ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်၏နိုင်ငံခြားရေးဝါဒအပေါ် ရစ်ချတ်ကလပ်ခ်ဝေဖန်

သမ္မတရွေးချယ်ပွဲ၌ ဘုရှ်ကို အထိနာအောင်ထိုးနှက်လိုက်ခြင်းဖြစ်

ဝါရှင်တန် မတ် ၂၃

အမေရိကန်သမ္မတအဆက်ဆက်၏ နိုင်ငံခြားရေးဝါဒဆိုင်ရာအရာရှိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦးဖြစ်ပြီး သမ္မတဘုရှ်အစိုးရအဖွဲ့မှ အရာရှိဟောင်း တစ်ဦးဖြစ်သူ ရစ်ချတ်ကလပ်ခ်က သမ္မတဘုရှ်၏ နိုင်ငံခြားရေးမူဝါဒအပေါ် ပြင်းထန်စွာ ဝေဖန်အပြစ်တင်စွပ်စွဲမှုများသည် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဘုရှ်အား အထိနာအောင်ထိုးနှက်လိုက်သည်နှင့်တူနေကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် သမ္မတဘုရှ်၏ကိုင်တွယ်ပုံနှင့် အီရတ်အရေးကိစ္စတွင် သမ္မတဘုရှ်၏ ကိုင်တွယ်ပုံအား ဝေဖန်ပြောကြားချက်သည် သမ္မတဘုရှ်အပေါ် များစွာအန္တရာယ်ရှိစေကြောင်း သိရသည်။

ထို့အပြင် ကလပ်ခ်၏စွပ်စွဲချက်များသည် အခြားကိစ္စများနှင့် တိုက်ဆိုင်နေသည်ကိုလည်း တွေ့ရှိရသည်။ စစ်ပွဲနှင့်ပတ်သက်ပြီး ဘော့ပ်ဝုဒ်ဝဲ့ဒ် ရေးသားသောစာအုပ်ထဲ၌လည်း အယ်လ်ခိုင်ဒါအဖွဲ့ကို နှိမ်နင်းရုံသာမကဘဲ အီရတ်နိုင်ငံကိုပါ ဝင်ရောက်တိုက်ခိုက်ရေးအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ပြောကြား

ထို့အပြင် ယခင်ဘဏ္ဍာရေး ဝန်ကြီးဟောင်းဖြစ်သူ ပေါလ်အိုနီးလ်ကလည်း သမ္မတဘုရှ်၏သက်တမ်း ၁၀ရက်မြောက်နေ့၌ ကျင်းပသော နိုင်ငံလုံခြုံရေးကောင်စီ အစည်းအဝေး၌ပင် ဆက်ဒမ်ဟူစိန်နှင့် သက်ဆိုင်သောကိစ္စသည် အစည်းအဝေး၌ အဓိကဆွေးနွေးစရာ အကြောင်းအရာဖြစ်နေကြောင်း ပြောကြားခဲ့သည်။

အပြောင်းအလဲဖြစ်

အီရတ်နိုင်ငံကို စစ်ဆင်တိုက်ခိုက်ရေးအတွက် သမ္မတဘုရှ်အစိုးရအဖွဲ့သည် အီရတ်နိုင်ငံဆိုင်ရာ ထောက်လှမ်းရေးအချက်အလက်များကို ပိုမိုချဲ့ထွင်ခဲ့ပြီး ၎င်းချဲ့ထွင်မှုများကြောင့် ဗြိတိန်ရှိတိုနီဘလဲအစိုးရကိုလည်း ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေရုံသာမက စပိန်အစိုးရအဖွဲ့ကိုပါ အပြောင်းအလဲ ဖြစ်သွားစေခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ပစ်ခတ် ဖင်လန်စီးပွားရေးလုပ်ငန်းရှင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၃

အီရတ်နိုင်ငံ၌ လက်နက်ကိုင် ခုခံတိုက်ခိုက်သူများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဖင်လန်စီးပွားရေး လုပ်ငန်းရှင်နှစ်ဦးယမန်နေ့က သေဆုံးသွားကြောင်း၊ ၎င်းတို့လိုက်ပါလာသော မော်တော်ယာဉ်သည် ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ အဝေးပြေးလမ်း အနီးတွင် ပစ်ခတ်ခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုတောအတွင်း နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ အလုပ်လက်မဲ့ အီရတ်ပြည်သူများစွာတို့သည် အလုပ်ပြန်လည်ရရှိရေးအတွက် ဗြိတိသျှတပ်ဖွဲ့များနှင့် ပဋိပက္ခဖြစ်ရာ ကျောက်ခဲများ၊ ဗုံးများဖြင့် ပစ်ပေါက်ခဲ့ကြောင်း သိရှိရသည်။ ဗုံးအချို့သည် တပ်ဖွဲ့ဝင်များ၏ သံချပ်ကာယာဉ်အတွင်း ကျရောက်ခဲ့ပြီး စကော့တလန်တပ်ဖွဲ့ဝင်တစ်ဦးကိုထိမှန်ခဲ့ကြောင်း သိရှိရသည်။

စစ်ဆန့်ကျင်ကန့်ကွက် ဆန္ဒပြသူ ဒေသခံများ၏ တိုက်ခိုက်မှုကြောင့် ဗြိတိသျှ တပ်ဖွဲ့ဝင် ကိုးဦးဒဏ်ရာရရှိသွားခဲ့ပြီး ၎င်းတို့၏ မော်တော်ယာဉ်နှင့်လက်နက်ကိရိယာ ပစ္စည်းများ ထိမှန်မီးလောင်ပျက်စီးခဲ့ရသည့်အပြင် အရပ်ဖက် မော်တော်ယာဉ်အချို့လည်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ဒေါသထွက်နေကြသည့် ဆန္ဒပြသူ ၅၀၀ခန့်သည် ပြင်းပြင်းထန်ထန် ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားရာနေရာ အနီး ပေါက်ကွဲမှုကြီး နှစ်ခုလည်း ဖြစ်ပွားခဲ့ကြောင်းသိရသည်။ **(စီအင်န်အင်န်)**

အီရတ်ပြောက်ကျားများက လမ်းဘေးဗုံးဖြင့်တိုက်ခိုက် ဘဂ္ဂဒက်အနောက်ဘက်တွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၃

ဘဂ္ဂဒက်အနောက်ဘက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် အမေရိကန်ဆန့်ကျင်ရေးပြောက်ကျားများက လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်တပ်က တနင်္လာနေ့၌ ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်အနောက်ဘက် ဆင်ခြေဖုံးရှိ အဘူဂရိပ်ဒေသတွင် ကင်းလှည့်စဉ် စနေနေ့ညပိုင်း၌ ယင်းသို့လမ်းဘေးဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

သေဆုံး

သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အမှတ်(၁) သံချပ်ကာကားတပ်မှဖြစ်ပြီး အီရတ်စကားပြန်လည်း သေဆုံးသွားခဲ့သည်။ အခြားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရသည်ဟု စစ်တပ်ကြေညာချက်အရ သိရသည်။

ဖောက်ခွဲရေးပစ္စည်းများကို အီရတ်ပြောက်ကျားတို့က အအေးဘူးများ တိရစ္ဆာန်အသေကောင်များ သို့မဟုတ် အခြားရုပ်ဖျက်ထားသော ပစ္စည်းများအတွင်းဝှက်ပြီး ဖောက်ခွဲတိုက်ခိုက်ခြင်း ဖြစ်ကြသည်။

အထိရောက်ဆုံးဖြစ်

အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်ခုခံရေး ပြောက်ကျားတို့က တိုက်ခိုက်ရာတွင် ယင်းဖောက်ခွဲရေးပစ္စည်းများသည် အထိရောက်ဆုံးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

သဘောတူညီချက်အများအပြား ထိုင်း-လာအို လက်မှတ်ရေးထိုး

ဗန်ကောက် မတ် ၂၂

ထိုင်းနှင့်လာအိုနိုင်ငံတို့သည် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ အူဘွန်ရာချာသာနီပြည်နယ်တွင် ကျင်းပသော ထိုင်း-လာအိုဝန်ကြီးအဖွဲ့ အလွတ်သဘောအစည်းအဝေး၌ သဘောတူညီချက် အများအပြားကို စနေနေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ထိုင်းသတင်းဌာနက တနင်္ဂနွေနေ့၌ ဖော်ပြလိုက်သည်။

အဆိုပါ သဘောတူချက်များတွင် ရာဇဝတ်မှုကျူးလွန်သူအား နေရင်းနိုင်ငံပြန်ပို့ရေး၊ သေဒဏ်ချမှတ်သော ရာဇဝတ်ပြစ်မှုစီရင်ချက်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံဖွဲ့စည်းမှု၊ ပညာရေးပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံရထားလမ်းဆက်သွယ်ရေး စီမံကိန်းကို ငွေကြေးပံ့ပိုးမှုသဘောတူချက်များ ပါဝင်သည်။

ကျင်းပ

အဆိုပါ ထိုင်း-လာအိုဝန်ကြီးအဖွဲ့ အစည်းအဝေးကို ထိုင်းဝန်ကြီးချုပ်နှင့် လာအိုဝန်ကြီးချုပ်တို့ စနေနေ့နံနက်၌ ဆွေးနွေးပြီးနောက် ကျင်းပကြခြင်းဖြစ်သည်။

ဆွေးနွေးခဲ့

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် လုံခြုံရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးအပါအဝင် နယ်ပယ်အမျိုးမျိုးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ဝမ်းနည်းငိုကြွေး

မတ် ၂၃ ရက်က ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းထောင်အပြင်ဘက် အမေရိကန်စစ်ယာဉ်တစ်စီးအနီးတွင် သားဖြစ်သူ ဖမ်းဆီးခံရသဖြင့် ဝမ်းနည်းငိုကြွေးနေသော အီရတ်အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟားမတ်ခေါင်းဆောင် ပစ်သတ်ခံရ

ဂါဇာ မတ် ၂၃

ပါလက်စတိုင်း ဟားမတ်ခေါင်းဆောင် ရှိတ်အာမက်ယာဆင်သည် မတ် ၂၂ရက် တနင်္လာနေ့ စောစောပိုင်းက အစ္စရေးတို့၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း ဟားမတ်အရာရှိများက အတည်ပြုပြောကြားသည်။

အစ္စရေးတို့၏ အပါချီအမျိုးအစား ရဟတ်ယာဉ်များသည် ရှိတ်အာမက်ယာဆင်နှင့် ၎င်း၏ကိုယ်ရံတော်နှစ်ဦးကို ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံတစ်ခုအတွင်းမှ အထွက်တွင် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် လူလေးဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိသွားကြောင်း အရေးပေါ်လူနာတင်ယာဉ်များနှင့် မီးသတ်ကားများသည် အခင်းဖြစ်ရာသို့ ချက်ချင်းရောက်ရှိလာကြကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု

အီရတ်နိုင်ငံအပေါ် မရေရာသောအကြောင်းပြချက်များဖြင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များက မတရားကျူးကျော်တိုက်ခိုက်ပြီး တပ်စွဲထားသည်မှာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ အီရတ်နိုင်ငံကို စိတ်တိုင်းကျခြယ်လှယ်ကြီးစိုးနိုင်ရန်အတွက် အီရတ်တပ်မတော်ကိုဖြိုကွဲအောင်ပြုလုပ်ခဲ့ရာ အီရတ်ပြည်သူများ မှိုခိုအားထားရာကင်းမဲ့သွားသည်။ ထို့အပြင် အီရတ်ပြည်သူများကိုလည်း ဖမ်းဆီးနှိပ်စက်မှုများပြုလုပ်လာသည့်အတွက် အီရတ်တို့က မခံမရပ်နိုင်ဖြစ်ကာ ရရာလက်နက်စွဲကိုင်ပြီး ပြင်းထန်စွာခုခံတိုက်ခိုက်နေမှုကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရရှိမှုမှာ နေ့စဉ်နီးပါး ဖြစ်ပေါ်လျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပြည်နယ်အလိုက်သေဆုံးမှု ၂၃-၃-၂၀၀၄နေ့အထိ

အီရတ်နိုင်ငံကို ကျူးကျော်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားတို့၏တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရမှုတွင် ပြည်နယ်အလိုက်သေဆုံးမှုမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

ပြည်နယ်	အရေအတွက်
အယ်ဘားမား	၁၃
အာရီဇိုးနား	၁၅
အာကင်ဆပ်	၄
ကယ်လီဖိုးနီးယား	၅၆
ကော်လိုရာဒို	၈
ကွန်နက်တီကပ်	၇
ကိုလံဘီယာ	၄
ဒါလာဝဲ	၆
ဖလော်ရီဒါ	၁၈
ဂျော်ဂျီယာ	၁၅
ဟာဝိုင်ယီ	၄
အိုင်ဒါဟို	၆
အီလီနွိုက်စ်	၂၀
အင်ဒီယားနား	၁၈
အိုင်အိုဝါ	၁၀
ကင်းဆပ်	၇
ကင်တပ်ကီ	၆
လူဝီစီယားနား	၈
မိန်း	၅
မက်ဆာချူးဆက်	၉
မေရီလန်း	၇
မီချီဂန်	၂၂
မင်နီဆိုးတား	၄
မစ္စစ္စပီ	၁၀
မစ်ဆူရီ	၁၀
မွန်တားနား	၄
မြောက်ကာရိုလိုင်းနား	၁၄
မြောက်ဒါကိုတာ	၄
နယူးဟမ့်ရှိုင်းယား	၄
နယူးဂျာစီ	၁၃
နယူးမက္ကဆီကို	၂
နယူးယောက်	၂၂
နီဘရာစကာ	၇
နီဗားဒါး	၅
အိုဟိုင်းယိုး	၁၇
အိုကလားဟိုးမား	၉
အော်ရီဂွန်	၉
ပင်ဆယ်ဗေးနီးယား	၃၀
ရိုဒီကျွန်း	၅
တောင်ကာရိုလိုင်းနား	၁၃
တောင်ဒါကိုတာ	၅
တင်နက်ဆီ	၁၃
တက္ကဆက်	၄၃
ယူတား	၅
ဗာဂျီးနီးယား	၁၄
ဗားမောင့်	၆
အနောက်ဗာဂျီးနီးယား	၁၂
ဝါရှင်တန်	၈
ဝစ္စကွန်ဆင်	၁၀
ဝိုင်အိုမင်း	၅
အမေရိကန်ဆာမိုအာ	၃
ပွာတိုရီကို	၈
စုစုပေါင်း	၅၈၂

မီးလောင်

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ကို အီရတ်ပြောက်ကျားများက ဒုံးကျည်ဖြင့် ၁၂ ချက် ပစ်ခတ်ပြီးနောက် မီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ

အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသဖြင့် ဇန်နဝါရီ ၅ ရက်က တီကရစ်စစ်အခြေစိုက် စခန်းသို့ ဆေးကုသရန် သယ်ဆောင်နေစဉ်။



မတ် ၃ ရက်က ဖော်လူဂျာမြို့အနီး၌ အီရတ်ပြောက်ကျားတို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ယာဉ်တစ်စီး ပြောက်ကျားတို့၏ လမ်းဘေးဗုံးထိမှန်မှုကြောင့် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

(၅၉)နှစ်မြောက်
တပ်မတော်နေ့
ဂုဏ်ပြုကိုဆို

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

ပြည်သူနှင့် တပ်မတော်တို့ လက်တွဲတည်ဆောက်ခဲ့သည့် လပင်တံတား ဆိုင်ရာအချက်အလက်များ

၁။ တည်နေရာ	–	စစ်ကိုင်းတိုင်း၊ ကနီမြို့နယ် မုံရွာ–ကလေးဝလမ်း
၂။ တံတားပေအရှည်	–	၂၂၀ ပေ
၃။ ယာဉ်သွားလမ်းအကျယ်ပေ	–	၂၈ ပေ
၄။ တံတားအောက်ခြေ ကင်းလွတ်နယ်မြေ	–	အကျယ် ၉၀ပေ အမြင့် ၁၀ပေ
၅။ တံတားအမျိုးအစား	–	သံကူကွန်ကရစ်၊ သံမဏိ သံပေါင်
၆။ ခွင့်ပြုအလေးချိန်	–	တန် ၆၀
၇။ စီမံကိန်းစတင်သည့်နေ့	–	၉–၁၂–၂၀၀၂
၈။ တံတားဖွင့်လှစ်သည့်နေ့	–	၃–၁–၂၀၀၄

ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဖောက်လုပ်ခဲ့သည့် ကနီမြို့နယ်ရှိ လပင်တံတား လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

အပင်ပန်း
အဆင်းရဲခံနိုင်သည့်
တပ်မတော်

တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းတည်ဆောက်ခဲ့ကြသော ကနီမြို့နယ်ရှိ လပင်တံတားအဝင်လမ်းကို ဤသို့ တွေ့ရသည်။

တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းတည်ဆောက်ခဲ့ကြသော ကနီ မြို့နယ်ရှိ လပင်တံတားမြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။

တပ်မတော်က တည်ဆောက်ခဲ့သည့်တံတားများနှင့် တည်ဆောက်ဆဲတံတားများ

စဉ်	အမည်	တည်နေရာ	အရှည်ပေ	မှတ်ချက်
၁။	ပသောင်းတံတား	မြိတ်မြို့နယ်	၈၁၀	တည်ဆောက်ပြီး
၂။	ဒေါ်လန်းတံတား	လှိုင်းဘွဲမြို့နယ်	၁၀၀၀	॥
၃။	ငမိုးရိပ်တံတား	ရန်ကုန်မြို့	၆၆၀	॥
၄။	ပုထိုးလုံတံတား	ကနီမြို့နယ်	၄၅၀	॥
၅။	လပင်တံတား	ကနီမြို့နယ်	၂၂၀	॥
၆။	တိန်းတံတား	မင်းကင်းမြို့နယ်	၃၆၀	တည်ဆောက်ဆဲ
၇။	မြို့မတံတား	ကနီမြို့နယ်	၅၄၀	॥
၈။	ရုံးပင်တံတား	လယ်ဝေးမြို့နယ်	၂၇၀	॥
၉။	အဆုံချောင်း	တပ်ကုန်းမြို့နယ်	၁၉၀	॥
၁၀။	လေိုက်ချောင်းတံတား	ပျဉ်းမနားမြို့နယ်	၃၀၀	॥
၁၁။	ဆင်သေချောင်းတံတား	ပျဉ်းမနားမြို့နယ်	၂၁၀	॥

တပ်မတော်ကတည်ဆောက်ခဲ့သော လပင်တံတားတည်နေရာပြမြေပုံ



ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဆက်လက်ချီတက်ကြမည်

မြင့်ဝေလှိုင်

ယနေ့ကာလတွင် နိုင်ငံတော်၏ရှေ့ခရီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်ရောက်ရှိရေးဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ရောက်ရှိရေးအတွက် မည်သို့ ချီတက်ကြမည်နည်း။ ဤမေးခွန်း၏အဖြေသည် မြန်မာ့သမိုင်းဖြစ်ရပ်များနှင့် တပ်မတော်သမိုင်းဖြစ်စဉ်များအတွင်း၌ ရှိခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်စဉ်များကို ကြည့်လျှင် မြန်မာတိုင်းရင်းသားညီအစ်ကိုတို့သည် မြန်မာ့လွတ်လပ်ရေးကိုရယူရန် ဦးစွာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြကြောင်း တွေ့ရမည်ဖြစ်သည်။ ၎င်းကို ပင်လုံညီလာခံက သက်သေပြုလျက်ရှိပါသည်။ ပင်လုံညီလာခံကို အခြေပြု၍ စည်းလုံးညီညွတ်မှုရခဲ့သော တိုင်းရင်းသား ညီအစ်ကိုတို့သည် အသက်ကိုပဓာနမထား စွန့်လွှတ်စွန့်စားကြသော တပ်မတော်သားများနှင့် လက်တွဲကာ မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာသို့ကြေညာနိုင်ခဲ့သော်လည်း လွတ်လပ်ပြီးစမြန်မာနိုင်ငံ၏ ပြည်တွင်း၌မူကား ပါတီကွဲအရောင်ကွဲများ၏ ပဋိပက္ခများကြောင့် ရရှိပြီးသောလွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မည့် ဘေးနှင့်ရင်ဆိုင်ခဲ့ရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မကြာသောကာလ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗကပတို့သည် အာဏာရ ဖဆပလအစိုးရကို ဆန့်ကျင်ကာ တောတွင်းသို့ဝင်ရောက်သွားပြီး လက်နက်ကိုင်ဆန့်ကျင်တော့သည်။ ထို့နောက် ရဲဘော်ဖြူတို့ တောခိုကြသည်။ သောင်းကျန်းသူများသည် ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့သို့ ပျံ့နှံ့ကာ ဆူပူသောင်းကျန်းကြသည်။ သောင်းကျန်းသူများသည် မြေလတ်ပိုင်းဒေသများတွင် စုစည်းကြကာ ပြည်–ရန်ကုန်ကားလမ်းအတိုင်း ရန်ကုန်မြို့ကို သိမ်းပိုက်ရန် ဆင်းလာကြသည်။ အလုံးအရင်းနှင့်ဆင်းလာသော သောင်းကျန်းသူများကို တပ်မတော်သည် အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ ဖိုးသာအောင်ခုံးတံတားတိုက်ပွဲ၊ ဝက်ကော်တံတားတိုက်ပွဲ၊ ပဲခူးဘုရားကြီးတိုက်ပွဲ စသည်တို့သည် ထင်ရှားခဲ့သည်။ ၁၉၄၉ ခုနှစ် နှစ်ကုန်ပိုင်းတွင်မူ မြန်မာတစ်နိုင်ငံလုံးရှိ သောင်းကျန်းသူများ သိမ်းပိုက်ထားသော မြို့များကို ပြန်လည်ရယူသိမ်းပိုက်နိုင်ခဲ့သည်။ ဤသို့ **တပ်မတော်က သောင်းကျန်းသူများကို နှိမ်နင်းနိုင်ခဲ့ပြီး နိုင်ငံ့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်လိုက်နိုင်ခြင်းမှာ တိုင်းရင်းသား ပြည်သူတို့၏ လက်တွဲပါဝင်မှုကြောင့်ဖြစ်ကြောင်း တိုက်ပွဲဖြစ်စဉ်များတွင် အထင်အရှား တွေ့ရှိရပေသည်။**

၁၉၅၈ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် ဗကပနှင့် ရောင်စုံသောင်းကျန်းသူများသည် အင်အား၁၅၀၀၀ခန့်ပင် ရှိခဲ့သည်။ ထို့ကြောင့် တပ်မတော်က နယ်မြေအလိုက် စစ်ဆင်ရေးကြီးများဆင်နွှဲ၍ သောင်းကျန်းသူများကို ချေမှုန်းခဲ့ရသည်။ အိမ်စောင့်အစိုးရလက်ထက်တွင် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တပ်မဟာများ၊ တပ်ရင်းများက စစ်ဆင်ရေးကြီး ၁၀၈ ကြိမ်နှင့် ဒေသန္တရစစ်ဆင်ရေး ၃၂၃ ကြိမ်ဆင်နွှဲခဲ့ပြီး တိုက်ပွဲကြီးပေါင်း ၃၈၆ပွဲနှင့် တိုက်ပွဲငယ် ၂၇၄၃ ပွဲ တိုက်ခိုက်ခဲ့ရသည်။

တပ်မတော်၏ထိုးစစ်ကြောင့် သောင်းကျန်းသူ ၁၈၇၂ ဦး ကျဆုံးခဲ့ပြီး ၁၅၉၉ဦး ဒဏ်ရာရရှိကာ ၁၂၃၈ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ထို့ပြင် သောင်းကျန်းသူ ၃၆၁၈ ဦး လက်နက်ချ အလင်းဝင်ခဲ့သည်။ လက်နက်မျိုးစုံ ၅၆၅၃၈ လက်ကိုလည်း သိမ်းဆည်းရမိခဲ့သည်။ အိမ်စောင့်အစိုးရက နိုင်ငံတော်ကို စတင်တာဝန်ယူသည့်အချိန်မှစ၍ တပ်မတော်သည် ပြည်သူတို့၏ သတင်းပေးကူညီမှုများဖြင့် သောင်းကျန်းသူ အဖွဲ့အစည်းများအား ပြင်းထန်စွာ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်း သူတို့၏ အင်အားသည် ၁၅၀၀၀ ကျော်မှ ၅၀၀၀ ကျော်အထိ လျော့ကျဆုတ်ယုတ်သွားခဲ့သည်။

စစ်ဆင်ရေးများ ဆင်နွှဲရာတွင်လည်း တပ်မတော်(ကြည်း၊ရေ၊လေ)၊ အမြောက်တပ်၊ သံချပ်ကာတပ်များအပြင် စစ်ရဲ၊ အရန်ရဲနှင့် ပြည်သူ့ အထောက်တော်ဒူးလေး၊ ဝါးချွန်တပ်များနှင့်ပါ ပူးပေါင်း၍ ပြည်သူ့အားကိုရယူပြီး သောင်းကျန်းမှုကို တိုက်ခိုက်နှိမ်နင်းခဲ့သည်။ သောင်းကျန်းမှုကိုနှိမ်နင်းရာတွင် စစ်ဆင်တိုက်ပွဲဝင်ခြင်း တစ်ခုတည်းသာ မဟုတ်ဘဲ စိတ်ဓာတ်စစ်ဆင်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး စသည့် လူမှုဝန်ထမ်းလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် စစ်ဆင်ရေးကြီးများအောင်မြင်ခဲ့ပြီး သောင်းကျန်းသူများကို ထိရောက်စွာချေမှုန်းနိုင်ခဲ့သည်။ ဤနေရာတွင်လည်း စစ်ဆင်ရေးကြီးများ အောင်မြင်ရသည့်အကြောင်းရင်းကို ပြန်ကြည့်လျှင် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း အထင်အရှား တွေ့ရမည်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်နောက်ပိုင်းကာလအာဏာရ ပထစ အစိုးရ လက်ထက်တွင် ဂိုဏ်းဂဏအစွဲအလမ်းများ၊ ပုဂ္ဂိုလ်ရေးအုပ်စုဖွဲ့မှုများဖြင့် ဦး၊ ဗိုလ်၊ သခင်အုပ်စုများကွဲကာပါတီတွင်း ပဋိပက္ခများ ဖြစ်လာခဲ့ကြသည်။ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း သံသယဝင် အထင်လွဲမှားပြီး စည်းလုံးညီညွတ်ရေးပြိုကွဲရန် ဖန်တီးပေးသကဲ့သို့ရှိလာသည်။ ပထစ အစိုးရအပေါ် ယုံကြည်မှုများကျဆင်းလာသည်။ ယင်းအခြေအနေကို အခွင့်အရေးအဖြစ် အသုံးချခဲ့သော ပြည်တွင်းသောင်းကျန်းသူများကလည်း ပိုမိုထကြွသောင်းကျန်းလာသကဲ့သို့ နိုင်ငံတကာ သူလျှိုအဖွဲ့သည်လည်း စော်ဘွားအချို့နှင့်ပူးပေါင်းကာ တိုင်းပြည် ပြိုကွဲရေးကို ဦးတည်ကြိုးပမ်းလာခဲ့ကြသည်။ ဤသို့လျှင် ပြည်တွင်းပြည်ပ သောင်းကျန်းသူများဒဏ်ကြောင့် တိုင်းပြည်ပြိုကွဲရမည့် အရေးကို ကြုံတွေ့လာရသော အခါ တပ်မတော်သည် ၁၉၆၂ ခုနှစ်တွင် နိုင်ငံ့လွတ်လပ်ရေးကို ထပ်မံကာကွယ်လိုက်ရပြန်သည်။ **ဤနေရာတွင် အဖွဲ့အစည်းများအတွင်း အချင်းချင်းညီညွတ်မှုမရှိခြင်း၊ တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်မှုအင်အားလျော့နည်း ကျဆင်းလာခြင်း စသော အကြောင်းတရားများသည် နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်ဆုံးရှုံးစေသော ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ကြောင်း လက်တွေ့သာဓကများပင် ဖြစ်ပါသည်။**

၁၉၆၂ ခုနှစ်နောက်ပိုင်းကာလများတွင် တောတွင်းသောင်းကျန်းမှုများ သက်ဆိုးရှည်ဆဲဖြစ်သည့်အပြင် အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှုများလည်း မအောင်မြင်ခဲ့သဖြင့် လမ်းစဉ်ပါတီအစိုးရ၏ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများသည် ထင်သလောက် ခရီးမပေါက်ခဲ့ချေ။ ထိုအချိန်တွင် တပ်မတော်သည် စစ်ဆင်ရေးကြီးများ ဆင်နွှဲ၍ ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။ **ဤနေရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအရေးပါကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။**

ဤသို့လျှင် ၁၉၆၂ ခုနှစ်မှစ၍ ၁၉၈၈ ခုနှစ်အထိကာလများအတွင်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် ဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် အခြားသော အထွေထွေ အားနည်းမှုများ ဖြစ်ပေါ်နေခဲ့ ခြင်းစသော အကြောင်းများကြောင့် ၁၉၈၈ ခုနှစ်အရေးအခင်း ပေါ်ပေါက်ခဲ့ရာ နိုင်ငံတော် လွတ်လပ်ရေးဆုံးရှုံးရတော့မည့်အခြေအနေနှင့် ထပ်မံကြုံတွေ့ခဲ့ရပြန်သည်။ ထို့ကြောင့် တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံ့တာဝန်ကို ယူခဲ့ရသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် ယနေ့ကာလအထိ မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်များကို ပြန်လေ့လာကြည့်လျှင် နိုင်ငံ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်ကျည်မြဲမြံရန်လိုအပ်သကဲ့သို့ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းနေရန်လည်း လိုအပ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် တပ်မတော်၏ သမိုင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင်လည်း နိုင်ငံတော် လွတ်လပ်ရေး ဆုံးရှုံးရမည့်ဘေးနှင့် ကြုံတွေ့ရသည့်အခါတိုင်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူများနှင့် လက်တွဲကာ နိုင်ငံ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြောင်း သာဓကများစွာက ပြဆိုခဲ့ပြီးဖြစ်ပါသည်။

၁၉၈၈ခုနှစ်နောက်ပိုင်းတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန်အတွက် ဦးစွာ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးကို ကြိုးပမ်းခဲ့သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အလေးထား ဆောင်ရွက်ခဲ့သည်။ ဤသို့ဆောင်ရွက်ရာတွင် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက တက်ကြွစွာ ပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၈၉ ခုနှစ်မှစတင်၍ မည်သည့်ခေတ်ကာလကမျှ မရှိခဲ့ဖူးသည့် အမျိုးသားပြည်လည် စည်းလုံးညီညွတ်ရေးကိုရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ယင်းအဖွဲ့ (၁၇)ဖွဲ့မှာ–

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ၊ ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၃၁–၃–၈၉၊ လောက်ကိုင်။

၂။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ဦးကျောက်ညီလိုင်း၊ ဦးပေါက်ယူချန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၉–၅–၈၉၊ ပန်ဆန်း။

၃။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ဦးလွယ်မောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၄–၉–၈၉၊ စိန်ကျော့။

၄။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထ
ဥပဒေဘောင်အတွင်းဝင်ရော
မိုင်းလား။

၅။ ရှမ်းပြည်နယ်(မြောက်ပိုင်း)
ဥပဒေဘောင်အတွင်းဝင်ရော
ကောင်းခါး။

၆။ ရှမ်းပြည်နယ်(တောင်ပိုင်း) အ
ဥပဒေဘောင်အတွင်း ဝင်ရေ
ကျောက်တစ်လုံး။

၇။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အ
ဘောင်အတွင်းဝင်ရောက်သည့်

၈။ ကချင်ပြည်နယ်အထူးဒေသ(၁)
အတွင်း ဝင်ရောက်သည့် ရက

၉။ ကချင်ပြည်နယ်အထူးဒေသ(၂
အတွင်းဝင်ရောက်သည့် ရက်

၁၀။ ကယားပြည်နယ်အထူးဒေသ(
အတွင်းဝင်ရောက်သည့် ရက်

၁၁။ ကယားပြည်နယ်အထူးဒေသ(
ဥပဒေဘောင်အတွင်းဝင်ရော
ဘီယာ။

၁၂။ ကယားပြည်နယ် အထူးဒေသ
ဥပဒေဘောင်အတွင်းဝင်ရော
ပြင်ဆောင်။

၁၃။ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်
ကလယ်၊ ဥပဒေဘောင်အတွင်
၉၄၊ နောင်ထော်။

၁၄။ ကရင်နီအမျိုးသားတိုးတက်ရေး
ဥပဒေဘောင်အတွင်းဝင်ရော
ဒေါ်တမကြီး၊ ထိပိုးကလိုး။

၁၅။ မွန်ပြည်သစ်ပါတီ၊ ဦးနိုင်ထင်၊
သည့် ရက်စွဲ ၂၉–၆–၉၅၊

၁၆။ ရှမ်းပြည်တပ်မတော်၊ ဦးခွန်ဆာ
သည့် ရက်စွဲ ၅–၁–၉၆၊ ဟို

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းလက်တွဲ၍ ဤသို့ လမ်းများကို ဖောက်လုပ်ခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ဂ
ခေါင်းဆောင်များအား ရန်ကုန်မြို့
တိုင်းရင်းသားခေါင်းဆောင်များက

တပ်မတော်နှင့် တိုင်းရင်းသား
ဤသို့ ရထားလမ်းများကို ဖောက်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတာကလယ်နှင့် တိုင်းရင်းသား ခေါင်းဆောင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဤသို့လက်ခံတွေ့ဆုံခဲ့သည်။ (ထိုသို့ တွေ့ဆုံရာတွင် တိုင်းရင်းသားခေါင်းဆောင်များက ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြိုဆိုထောက်ခံခဲ့ကြသည်။)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

မြေရိုင်းများကိုလည်း နိုင်ငံတော်က ဖော်ထုတ်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် အရှေ့မှအနောက်သို့ ဖောက်လုပ်ခဲ့သောကားလမ်း မိုင်အရှည် ယခင်က ၁၃၆၃၅မိုင်ရှိခဲ့ရာမှ ယခု ၁၇၈၇၄ မိုင် ရှိလာခဲ့ပြီဖြစ်သည်။ အသစ်ဖောက်လုပ်ခဲ့သော ရထားလမ်းသစ် ၁၀၂၂ မိုင်၊ ဖောက်လုပ်ဆဲ ၁၄၅ မိုင်ကျော်နှင့် ၅၁၅ မိုင်ကျော်ကို ဆက်လက် ဖောက်လုပ်ရန် စီစဉ်ထားပြီး ဖြစ်သည်။ တံတားများအနေဖြင့် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၆၈ စင်း တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖြစ်ထွန်းတိုးတက်လာသော ဆည်မြောင်းတာတမံများနှင့် မြစ်ရေတင် စီမံကိန်းများမှာ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းတာတမံများ ၁၅၈ ခု၊ စိုက်ပျိုးဖြစ်ထွန်းဧက ၂၁၀၀၀၀၀ ကျော် ရှိခဲ့ပြီဖြစ်သည်။ ဆည်တမံ ၁၅၈ ခုအတွက် နိုင်ငံတော်က ဘဏ္ဍာငွေကျပ်သန်းပေါင်း ၆၉၀၀၀ ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင် တိုးတက်ခဲ့ပြီး နိုင်ငံနှင့်အဝန်း အချိန်တိုအတွင်း စည်ပင်ခဲ့ပြီဖြစ်သည်။ အဘယ်ကြောင့် ဤသို့ အချိန်တိုအတွင်း နိုင်ငံနှင့်အဝန်း ဖွံ့ဖြိုးစည်ပင်ခဲ့ရလေသနည်း။ အဖြေကား ရှင်းပါသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။

ယနေ့ကာလတွင် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းလျက်ရှိခဲ့ပြီ။ နိုင်ငံနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်သည်လည်း မြင့်မားခဲ့ပြီ။ ထို့နောက် ဆက်လက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် သစ်ဆီသို့ ချီတက်ကြမည်။

၄။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ဦးစိုင်းလင်း၊ ဦးစံပေ့၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၃၀-၆-၈၉၊ မိုင်းလား။

၅။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ဦးမထုနော်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၁၁-၁-၉၁၊ ကောင်းခါး။

၆။ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ဦးအောင်ခမ်းထိ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် ရက်စွဲ ၁၈-၂-၉၁၊ ကျောက်တစ်လုံး။

၇။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)၊ ဦးအိုက်မုန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၁-၄-၉၁၊ နမ္မတူ။

၈။ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ဦးစခုန်တိန့်ယိန်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် ရက်စွဲ ၁၅-၁၂-၈၉၊ ပန်ဝါ။

၉။ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ဦးလမုန်တူးဂျိုင်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၄-၂-၉၄၊ လိုင်စင်။

၁၀။ ကယားပြည်နယ်အထူးဒေသ(၁)၊ ဦးဌေးကို၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၇-၂-၉၂၊ မိုးဗြဲ၊ဖယ်ခုံ။

၁၁။ ကယားပြည်နယ်အထူးဒေသ(၂)၊ ဦးစန္ဒာ၊ ဦးထွန်းကျော်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၉-၅-၉၄၊ ဟိုယာ၊ ဘီယာ။

၁၂။ ကယားပြည်နယ် အထူးဒေသ(၃)၊ ဦးရွှေအေး၊ ဦးသန်းစိုးနိုင် ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၆-၇-၉၄၊ ပြင်ဆောင်။

၁၃။ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ ဦးတာကလယ်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၉-၁၀-၉၄၊ နောင်ထော်။

၁၄။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ဦးအောင်သန်း၊ ဦးခူယံထူး၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၁-၃-၉၅၊ ဒေါတမကြီး၊ ထိပိုးကလိုး။

၁၅။ မွန်ပြည်သစ်ပါတီ၊ ဦးနိုင်ထင်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၂၉-၆-၉၅၊ ရေးချောင်းဖျား။

၁၆။ ရှမ်းပြည်တပ်မတော်၊ ဦးခွန်ဆာ၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၅-၁-၉၆၊ ဟိုမိန်း။

၁၇။ ဗကပ (ရခိုင်ပြည်နယ်အဖွဲ့)၊ ဦးစောထွန်းဦး၊ ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် ရက်စွဲ ၆-၄-၉၇၊ ဘူးသီးတောင် မောင်းတောတို့ ဖြစ်ကြသည်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိခဲ့ပြီးနောက် ပြည်ထောင်စု တစ်ဝန်းလုံး အေးချမ်းလာသည်။ လုံခြုံလာသည်။ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ပိုမိုခိုင်ကျည်မြဲမြံလာသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်ကျည်မြဲမြံလာခြင်းသည် ပြည်ထောင်စုကြီး ပိုမိုဖွံ့ဖြိုး တိုးတက်မည့် အတိတ်နိမိတ်ပင်ဖြစ်သည်။

နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှုရရှိလာသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၈၉ ခုနှစ်မှ စတင်၍ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး လူထုအစည်းအဝေးကို ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ရွှေစည်းခုံစေတီခြေတော်ရင်းရှိ အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြည်သူလူထုကိုယ်စားလှယ်များက တစ်ခဲနက် ထောက်ခံခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ၁၉၈၉ခုနှစ်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ရက်အထိ ငွေကျပ်သန်းပေါင်း ၅၄၁၈၆ ဒသမ ၈၇ အကုန်ကျခံ သုံးစွဲခဲ့သည်။ ထို့ပြင် နိုင်ငံနှင့်အဝန်း အကြားအလပ်မရှိ ကွက်ပြည့်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤတွင်သာမက နိုင်ငံတော်အတွက် အခြေခံကျသောဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်၍ ဆောင်ရွက်ပေးခဲ့သည်။

တစ်နိုင်ငံလုံးကို ၁၉၈၈ခုနှစ်ကာလနှင့် နှိုင်းယှဉ်လွှမ်းခြုံကြည့်လျှင် ပညာရေးကဏ္ဍတွင်ယခင်က တက္ကသိုလ်ကောလိပ်ပေါင်း ၃၂ ခုရှိခဲ့ရာမှ ယခု ၂၁၂ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်က အခြေခံပညာကျောင်းပေါင်း ၃၃၄၇ ကျောင်းရှိခဲ့ရာမှ ယခု ၄၀၁၅၂ ကျောင်း ရှိလာခဲ့ပြီဖြစ်သည်။ ဘာသာရပ် ၂၃ မျိုးတွင် ပါရဂူဘွဲ့အထိ တိုးမြှင့် သင်ကြား ပေးလျက်ရှိပြီး ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်သည့် အီလက်ထရောနစ် သင်ယူမှုဌာနပေါင်း ၃၀၄ ခုကို တစ်နိုင်ငံလုံးတွင် ထူးထောင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍအတွက် ယခင်ဆေးရုံပေါင်း ၆၃၁ ရုံရှိခဲ့ရာမှ ယခု ၇၇၄ ရုံထိ တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပြီး ဆေးနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၅ ခု ဖွင့်လှစ်ခဲ့ သည်။ ပါရဂူဘွဲ့သင်တန်း ၁၄ မျိုး၊ မဟာသိပ္ပံသင်တန်း ၂၀ နှင့် ဒီပလိုမာသင်တန်း ၁၀ မျိုးတို့ကို တိုးချဲ့ သင်ကြားပေးလျက်ရှိသည်။

တိုင်းရင်းဆေးရုံ ၁၀ ရုံနှင့် ဆေးပေးခန်း ၂၁၄ ခုအထိ တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး ပရဆေးဥယျာဉ်ကိုးခုကို ထူထောင်နိုင်ခဲ့သည်။ တိုင်းရင်းဆေး သမားတော် ညီလာခံများ၊ တိုင်းရင်းဆေးပြပွဲများ နှစ်စဉ် ကျင်းပခဲ့ပြီး တိုင်းရင်းဆေး သိပ္ပံကို တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် ဧရိယာဧက ၄၅ သန်းရှိရာ လက်ရှိတွင် ဧကသန်း၃၀ ခန့်အထိ စိုက်ပျိုးဖြစ်ထွန်းနေပြီဖြစ်သည်။ ကျန်မြေလွတ်

၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရန် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကို ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ-

ပထမအဆင့် - ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသား ညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့် - အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့် - အမျိုးသားညီလာခံကြီးကချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုရေးဆွဲခြင်း။

စတုတ္ထအဆင့် - ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း။

ဆဋ္ဌမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော် အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့် - လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့်အာဏာပိုင်အဖွဲ့အစည်းများဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ခြင်း ဟူ၍ ဖြစ်သည်။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ မီးရှူးတန်ဆောင်ဖြစ်သည်။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သည် တိုင်းရင်းသားပြည်သူတို့၏ အနာဂတ်ပန်းတိုင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏ အနာဂတ်ပန်းတိုင်ဆီသို့ အဆိုပါမူဝါဒလမ်းစဉ်(၇)ရပ်မီးရှူးတန်ဆောင်ဖြင့် ဆက်လက်ချီတက်ကြမည်ဖြစ်သည်။ ထိုသို့ အနာဂတ်ပန်းတိုင်ဆီသို့ ရောက်ရှိရေးအတွက် ဆက်လက်ချီတက်ရာတွင် မည်သူတွေပါဝင်ကြမည်နည်း။ မည်သို့ ချီတက်ကြမည်နည်း။

ဤအဖြေကား အတိတ်က မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်ရပ်များနှင့် တပ်မတော်သမိုင်းဖြစ်စဉ်များတွင် ရှိခဲ့ပြီး ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပါဝင်ချီတက်ကြမည်ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့သည် စည်းလုံးညီညွတ်မှုကို ခိုင်ကျည်မြဲမြံစေလျက် တွဲလက် မဖြုတ်စတမ်း အနာဂတ်ပန်းတိုင်ဆီသို့ ဆက်လက်ချီတက်ကြမည်ဖြစ်ပါသည်။ ။



တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းလက်တွဲ၍ ဤသို့ ရထားလမ်းများကို ဖောက်လုပ်ခဲ့ကြသည်။

✡ *မြန်မာမှ*

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် မြန်မာ-တရုတ်နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ်ခဲ့ကြရာ များမကြာမီနှစ်များအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ဘက်စုံတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် များစွာအားရကျေနပ်မိကြောင်း၊ ဤသို့ တိုးတက်လာခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့်လည်း ကိုက်ညီကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် အလားအလာများစွာရှိကြောင်း၊ ရှေ့အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြင့်မားလာစေရေးအတွက် လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ဖြင့် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

မြန်မာ့ရုပ်မြင်သံကြား

၂၅-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	အကပဒေသာ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး - (၅၃)နှစ်မြောက် တပ်မတော်နေ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇း၄၅	၈။	မုဟာန်သွယ်သွယ်ဆိုကြမယ်
၁၈း၀၀	၉။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅	၁၀။	(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၉)
၁၉း၃၀	၁၄။	စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၁၉း၄၅	၁၅။	- (၅၃)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက် တပ်မတော်" - ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် - မြန်မာပြည်သား(အထက-၂၊ လသာ ကျောင်းသူများ) (လသာရတနာတေးဂီတအဖွဲ့)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ရုပ်မြင်သံကြားဇာတ်လမ်း **"သူရဲကောင်းသုံးယောက်နှင့် ခရီးသည်"** (ရဲအောင်၊ ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင်၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-သက်တင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်မြို့ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံဖွင့်ပွဲအခမ်းအနားတွင် ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☀ *ကျောက်ဆည်မှ*

ဆင်မင်း(၂)ဘိလပ်မြေစက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery Import & Export Corporation ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆင်မင်းဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် ကျောက်ဆည်ဆင်အကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ အားလည်းကောင်း၊ Yunnan Machinery Import & Export Corporation ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆင်မင်း(၂)ဘိလပ်မြေစက်ရုံအဝင် မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် Yunnan Machinery Import & Export Corporation ဥက္ကဋ္ဌ Mr. Chen Fangတို့က ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆင်မင်း(၂)ဘိလပ်မြေစက်ရုံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ဗည်းကျောက်စာတိုင်ကို နံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆင်မင်း(၂)ဘိလပ်မြေစက်ရုံကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗဟိုထိန်းချုပ်ခန်းမှ ဘိလပ်မြေစက်လည်ပတ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်းလုပ်ငန်း ဆောင်ရွက်မှု များကိုလည်းကောင်း၊ မီးသင်းဖိုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဓာတ်အားခွဲရုံနှင့် ကုန်ချောကြိတ်စက်တို့ကို လည်းကောင်း၊ ဘိလပ်မြေအိတ်ထုပ်ပိုးဌာန လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ရှင်းလင်းပြသသည်။

တစ်ရက်တန် (၇၀၀)ထုတ်နိုင်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဒါရိုက်တာ ဗိုလ်မှူးကြီးအောင်စန်းက ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် စက်ရုံတည်ဆောက်ရသည့် ရည်ရွယ်ချက်၊ ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုရှင်းလင်း တင်ပြပြီး ဆင်မင်း(၂) ဘိလပ်မြေစက်ရုံသည် BS.12-1989 အမျိုးအစား ဘိလပ်မြေများကို တစ်ရက်လျှင်တန် (၇၀၀) ထုတ်လုပ်သွားနိုင်သည့် စက်ရုံဖြစ်ပါကြောင်း။

ဘိလပ်မြေစက်ရုံအတွက် စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery Import & Export Corporation မှ ဝယ်ယူ၍ တည်ဆောက်ခဲ့ပါကြောင်း၊ ဘိလပ်မြေစက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို အရဏ်ဦးဆောက် လုပ်ရေးကုမ္ပဏီက တာဝန်ယူတည် ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်းဘိလပ်မြေစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)တို့ကို စက်စွမ်းအားပြည့် လည်ပတ်၍ ဘိလပ်မြေထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်း(၂) ဘိလပ်မြေစက်ရုံဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ Mr. Chen Fang က အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာများအား သစ်သီးခြင်း အမှတ်တရပေးအပ်သည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် ဆင်မင်း(၁)နှင့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံများကို တည်ဆောက်ခဲ့သည်။

ဆင်မင်း(၁)ဖွင့်ပြီး

ဆင်မင်း(၁) ဘိလပ်မြေစက်ရုံမှာ Wet Process နည်းစဉ်ဖြင့် ဘိလပ်မြေများထုတ်လုပ်ပြီး တစ်ရက်လျှင် ဘိလပ်မြေတန်(၄၀၀)ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။ ဆင်မင်း(၁)ဘိလပ်မြေစက်ရုံကို ၁၅-၅-၂၀၀၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ဆင်မင်း(၂)ဘိလပ်မြေစက်ရုံမှာ Dry Process နည်းစဉ်ဖြင့် ဘိလပ်မြေများထုတ်လုပ်ပြီး တစ်ရက်လျှင် ဘိလပ်မြေတန်(၇၀၀)ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။ **(သတင်းစဉ်)**

တရုတ်ဒုတိယဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာသုံးဆောင်နေစဉ် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက တေးသံသာများဖြင့်ဖျော်ဖြေကြပြီး ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် ကပွဲခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဖျော်ဖြေသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် ဧည့်ခံစဉ်။ (သတင်းစဉ်)

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ
စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈၊ ၂၉-၃-၂၀၀၄

အိုင်ယာလန်သံအမတ်ကြီး အဖြစ် ပူးတွဲခန့်ထားရန်သဘောတူပြီး

ရန်ကုန် မတ် ၂၅

မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး မစ္စတာ ဒန်နီရယ်လ် မြူဟော်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်ပါသည်။

မစ္စတာဒန်နီရယ်လ်မြူဟော်သည် ၁၉၅၅ခုနှစ်တွင် မွေးဖွားခဲ့ပြီး အိုင်ယာလန်အမျိုးသားတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၇၈ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်ပြီး အိုင်ယာလန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ နယူးဒေလီမြို့၊ ဗီယင်နာမြို့၊ အီဒင်ဘာရာမြို့နှင့် ဘရပ်ဆဲလ်မြို့များရှိ အိုင်ယာလန်သံရုံးတို့တွင်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၁ခုနှစ် အောက်တိုဘာလမှ စတင်၍ မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဒန်နီရယ်လ်မြူဟော်သည် ကွာလာလမ်ပူမြို့တွင် ရုံးစိုက်နေထိုင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း လျှပ်တစ်ပြက်ဗဟုသုတမေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲကြီး ကျင်းပမည်ဖြစ်ရာ ပြပွဲကြီး၏အထူးပြခန်းတစ်ခုဖြစ်သော တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းတွင် လျှပ်တစ်ပြက်ဗဟုသုတ မေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို တပ်မတော်နေ့ပြပွဲသို့ လာရောက်ကြည့်ရှုသူ မည်သူမဆို ဖြေဆိုနိုင်ကြပြီး ပြပွဲကာလ ၁၀ ရက်တိုင် နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း သတ်မှတ်ထားသည့်နေရာတွင် ယှဉ်ပြိုင်ဖြေဆို၍ မွန်းလွဲ၂နာရီတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်အထူးရထားပြေးဆွဲမည်

ရန်ကုန် မတ် ၂၄

မြန်မာ့မီးရထားသည် နှစ်ကူးမဟာသင်္ကြန်ပွဲတော်မတိုင်မီနှင့် မဟာသင်္ကြန် ပွဲတော်အပြီး နှစ်သစ်ကူးအခါသမယတွင် ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့၍ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဧပြီ၁ရက်မှ စတင်ပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် မဟာသင်္ကြန်အထူးရထား တစ်စင်း ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မှ ဧပြီ (၁၊၃၊၅၊၇၊၉၊၁၁၊ ၁၈)ရက်များတွင် ထွက်ခွာမည့် ရထားသည် ည ၈နာရီ ၅မိနစ်တွင် ရန်ကုန်မှ ထွက်ခွာပြီး မန္တလေးသို့နောက်တစ်နေ့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

မန္တလေးမှ ဧပြီ(၂၊၄၊၆၊၈၊၁၀၊၁၇၊ ၁၉) ရက်များတွင် ထွက်ခွာမည့်ရထားသည် ည ၇နာရီခွဲတွင် မန္တလေးမှ ထွက်ခွာပြီး ရန်ကုန်သို့နောက်တစ်နေ့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ကြိုတင်ဝယ်ယူနိုင်

သင်္ကြန်အထူးရထားတွင် အထက်တန်းအိပ်စင်တစ်တွဲ၊ အထက်တန်းထိုင်ခုံ နှစ်တွဲ၊ ပထမတန်း တစ်တွဲနှင့် ရိုးရိုးတန်း ခုနစ်တွဲ ပါဝင်ဖွဲ့ဆင်၍ ပြေးဆွဲပေးမည်ဖြစ်ပြီး လမ်းခရီး၌ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ သာစည်ဘူတာများတွင် စုန်၊ဆန် ရပ်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်များကို သက်ဆိုင်ရာ ဘူတာများရှိ အထက်တန်းနှင့် ရိုးရိုးတန်းလက်မှတ်ရုံများတွင် အခြားအမြန်ရထားများနည်းတူ ကြိုတင်ဝယ်ယူနိုင်သည်။

ရထားလက်မှတ်ခ နှုန်းထားမှာ အမှတ်(၅)အဆန်နှင့် အမှတ်(၆)အစုန် ရထားနှုန်းထားအတိုင်း အထက်တန်း (အိပ်စင်) ကျပ် ၄၂၅၀၊ အထက်တန်း (ထိုင်ခုံ) ကျပ် ၃၀၉၀၊ ပထမတန်း ကျပ် ၁၉၃၀ နှင့် ရိုးရိုးတန်း ကျပ် ၁၅၅၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲပြပွဲခင်းကျင်းပြသမည်

ရန်ကုန် မတ် ၂၄

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲပြပွဲကို တပ်မတော်ခန်းမတွင် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ပြီး အဆိုပါ ပြပွဲတွင် ပြည်သူများစိတ်ဝင်တစား ကြည့်ရှုလေ့လာနိုင်ရန် ယခင်နှစ်များထက်ထူးခြားကောင်းမွန်သော ဓာတ်ပုံလက်ရာများ၊ ပန်းချီ၊ ပန်းပု အနုပညာလက်ရာများ၊ ဗဟုသုတအဖြစ်မှတ်သားစရာများဖြင့် ခင်းကျင်းပြသထားမည်ဖြစ်ရာမည်သူမဆိုလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Natural Resource Developement (ပြည်သူ့ရေးရာ)
၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ရမှနေပျော်မှာ"** (အပိုင်း-၂)ဇာတ်သိမ်းပိုင်း **ဒါရိုက်တာ**-တင်သန်းဦး **သရုပ်ဆောင်**-ဒွေး၊ စုလှိုင်နှင်း
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ပြည်သူ့တရားရှင် **"မေတ္တာတရား"** (အပိုင်း-၁)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် မတ် ၂၄

၂၄-၃-၂၀၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် လူငယ်(Junior)တင်းနစ်ပြိုင်ပွဲကျင်းပသတင်းတွင် မတည်ငွေ ကျပ်ငါးသိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ထံပေးအပ်လှူဒါန်းအစား ဦးဇော်ဇော်က ပေးအပ်လှူဒါန်းဟု ပြင်ဆင် ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြား

ရန်ကုန် မတ် ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊တီဘီရောဂါကာကွယ်တိုက်ဖျက်ရေး ဗဟိုအဖွဲ့ဝင်များ၊ တီဘီရောဂါလုပ်ငန်း ကော်မတီဝင်များ၊ Global Fund for AIDS, TB and Malaria Country Coordinating Mechanism (CCM) အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထိမ်းအမှတ် ပိုစတာနှင့် ပန်းချီပြိုင်ပွဲဆုရရှိသူ ကျောင်းသားကျောင်းသူများ၊ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ပညာပေးလှုံ့ဆော် ဇာတ်လမ်းတိုများ ရိုက်ကူးရာတွင် ပါဝင်ခဲ့သော မင်းသား၊ မင်းသမီးများ၊ သရုပ်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra က အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရန်ကုန်တိုင်း အခြေခံပညာအထက်တန်းအဆင့်(ပိုစတာ)ပြိုင်ပွဲ၌ ပထမဆုရ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ဇင်ကိုကို၊ ဒုတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းကမာရွတ် နဝမတန်းမှ မောင်ကောင်းမြတ်မင်းစိုး၊ တတိယဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းကမာရွတ် အဋ္ဌမတန်းမှ မခင်ချမ်းမြေ့သူ၊ နှစ်သိမ့်ဆုရ အလုံမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ဖြိုးသိန်းထွဋ်တို့အား ဆုချီးမြှင့်သည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra ကရန်ကုန်တိုင်းအခြေခံပညာ အလယ်တန်းအဆင့်(ကာတွန်း)ပြိုင်ပွဲတွင် ပထမဆုရ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပဉ္စမတန်းမှ မောင်ကောင်းထက်ကျော်၊ ဒုတိယဆုရ ကျောက်တန်း အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ဆဋ္ဌမတန်းမှ မသဇင်သက်စုတင်၊ တတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ဝင်းမင်းသူ၊ နှစ်သိမ့်ဆုရ ကျောက်တန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မဆုဆုဇာတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်၏ပံ့ပိုးကူညီမှုဖြင့် PSI မှ ထုတ်လွှင့်ပြသသော TV Sport ကို ပြသသည်။

ပြခန်းများကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော ၂၀၀၄ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Every Breath Counts, Stop TB.Now!" "တီဘီရောဂါ ပပျောက်ရေး အသက်ရှူတိုင်းသတိပေး" ဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

အထိမ်းအမှတ်ပြခန်းကြည့်ရှု

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များ ၂၀၀၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၄

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ္စာစိုး၏ ဝတ္ထု/ဇာတ်ညွှန်းကို ဝင်းမင်းစိုး စီစဉ်ထုတ်လွှင့်မည့် "လေးစားပါတယ်ရဲဘော်"ဇာတ်လမ်းကို မတ် ၂၅ ရက် (ကြာသပတေးနေ့) ည ၇ နာရီ ၁၅ မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်ပြီး ဗီဒီယိုသရုပ်ဆောင်ကျော်ကျော်ပိုင်မှူးနှင့်မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးအဖွဲ့ အာဟာရနှင့် အာဟာရပဒေသာပင်အတွက် ငွေလှူဒါန်း

ရန်ကုန် မတ် ၂၄

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်ဆန်းတီဘီရောဂါကု ဆေးရုံကြီးရှိလူနာများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးအဖွဲ့က မတ် ၂၃ ရက်တွင် အာဟာရတစ်နပ်စာအတွက် ငွေကျပ်တစ်သောင်းနှင့် အာဟာရပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းငါးထောင်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

စာမျက်နှာ ၃ မှ

အအုံ သံထည်ပစ္စည်းများဝယ်ယူရေးနှင့် လျှပ်စစ်နှင့်စက်မှုဆိုင်ရာ တာဘိုင်ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးအတွက် နားလည်မှု စာချွန်လွှာကို ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် China International Trust & Investment Corporation Technology Co. အထွေထွေမန်နေဂျာ Mr.Sun Xiaowen နှင့် ChinaWater Resources and Hydropower Construction Group Corporation ဒုတိယ အထွေထွေမန်နေဂျာ Mr.Liu Qitao တို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးလဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား အမျိုးသားကဇာတ်ရုံ ပြန်လည်မွမ်းမံပြင်ဆင်ရေး စီမံကိန်းဆိုင်ရာ အပြန်အလှန်လဲလှယ်မှု စာလွှာ၊ ဆန်စက် စက်ကိရိယာအသစ်များ ပြန်လည်တပ်ဆင်ရေး လုပ်ငန်းစီမံကိန်းဆိုင်ရာ အပြန်အလှန်လဲလှယ်မှု စာလွှာ၊ ရိတ်သိမ်းခြွေလှေ့စက်ထုတ်လုပ်ရေး စီမံကိန်းစူးစမ်းလေ့လာမှုဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာ၊ အသေးစားရေအားလျှပ်စစ်စီမံကိန်း စူးစမ်းလေ့လာမှုဆိုင်ရာ အပြန်အလှန် လဲလှယ်မှုစာလွှာ၊ ကြံနှင့်ဝါ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ရေး စီမံကိန်းလေ့လာမှုဆိုင်ရာအပြန်အလှန်လဲလှယ်မှု စာလွှာ၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး စီမံကိန်းဆိုင်ရာ အပြန်အလှန်လဲလှယ်မှုစာလွှာနှင့် လားရှိုး-မူဆယ် မီးရထားလမ်း စီမံကိန်း အပြန်အလှန်လဲလှယ်မှုစာလွှာများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက် ဝန်ကြီး Mr. Chen Jianတို့က ယနေ့နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာနှင့်ပခုက္ကူခရိုင်ပြန်ကြားရေးလုပ်ငန်းစစ်ဆေး၊ စာအုပ်များလှူဒါန်း

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၁ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ရှိ ရွှေစည်းခုံစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့နှင့်တွေ့ဆုံ၍ စေတီတော်ကြီးနှင့် ရင်ပြင်တော် သန့်ရှင်းသပ်ရပ်တင့်တယ်စေရေး ဆောင်ရွက်ရန်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က စာအုပ်မျိုးစုံတို့ကို ကျေးရွာစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်းလွဲ ၂နာရီတွင် ဆားလင်းကြီးမြို့နယ်ဆားခါးကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ပြည်သူလူထုများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကာ ဆားခါးကျေးရွာ ကျေးရွာမူလတန်းလွန်ကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ သန်လျက်ကိုင်းကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ်ငါးသောင်းကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၂ရက် နံနက် ၈နာရီတွင် ပခုက္ကူဦးအုံးဖေလှူဒါန်းသော ကိုယ့်အားကိုယ်ကိုး ဗဟုသုတစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါ ဗဟုသုတစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ အလှူရှင်ပခုက္ကူဦးအုံးဖေနှင့် ရွာတောကျေးရွာသူကျေးရွာသားများ၊ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လက်ခံ

ဆက်လက်၍ အလှူရှင် ပခုက္ကူဦးအုံးဖေက စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရွာတောရွာ ဗဟုသုတစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်အလှူရှင်ပခုက္ကူဦးအုံးဖေက လက်ခံသည်။ **(ဝဲပုံ)**

ဆက်လက်၍ ရွာတောရွာ ဗဟုသုတစာကြည့်တိုက်အတွက် ဦးအောင်သိန်း-ဒေါ်ထားရင်၊ သမီး ဒေါ်ဆွေ၊ ဦးလှသန်း(မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဥက္ကဋ္ဌ)-ဒေါ်မူမူမြင့်၊ ဦးတင့်ဆွေ-ဒေါ်တင်ကြည်(မကေဆေးလိပ်ခုံ)၊ ဦးကြိုင်-ဒေါ်သန်းနှင့် ဦးဖိုးဌေး-ဒေါ်မြမြမိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီနှင့် အလှူရှင် ဦးကျော်ဝင်း-ဒေါ်မျိုးမျိုးတို့က အလှူငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးတို့က ဖဲကြိုးဖြတ်၍ ရွာတောကျေးရွာကိုယ့်အားကိုယ်ကိုး ဗဟုသုတစာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဗဟုသုတစာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်ပြီး ဝန်ကြီးနှင့်အတူ အလှူရှင်များနှင့် ဧည့်သည်တော်များက စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ရေးပြတပ်မတော်သားများအတွက် အလှူငွေများလက်ခံ

ရန်ကုန် မတ် ၂၄

(၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် တပ်မတော်သားများ အတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိတပ်မတော်စစ်သမိုင်းပြတိုက်၌ကျင်းပရာ (၅၉) နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့်ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ အရန်စစ်ရေးပြမှူးကြီးဗိုလ်မှူးကြီးညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၃၇၇၁၉၀ တန်ဖိုးရှိ တပ်မတော်ရမ် ၂၂၈၆ လုံး၊ လက်ခတ်တောင်ဆရာတော်အရှင်ပဒုမသာမည နှင့်နတ်စင်တစ်ရာ ဆရာတော် အရှင်ပညာတေဇတို့ နှစ်ပါးက ငွေကျပ် ၃၀၆၀၀၀၀ တန်ဖိုးရှိ ငါးကြင်းပိဿာ ၃၆၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တာမိုးညဲဒေသ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ ဥက္ကဋ္ဌ ဦးရန်ပေဇုန်း(ခ) ဦးသန်းဌေးနှင့် အတွင်းရေးမှူး ဦးမြင့်လွင်တို့ဦးစီး၍ တာမိုးညဲဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က ငွေကျပ်ငါးသိန်း၊ တာမိုးညဲ၊ ရောက်ဟော်နှင့် လုံထန်ကျေးရွာများမှ ဒေသခံပြည်သူများက ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၁၅ သိန်း၊ ဦးအောင်ကိုကို (အေကေကေဂရု(ပ်) ရေလုပ်ငန်းအဖွဲ့)က ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ရေခူနှစ်တန်၊ ဦးမြတ်လွင်(မြတ်သပြေကွန်ပျူတာ Show Room) အမှတ်(၇၇)ကမ္ဘာအေးစေတီလမ်းက ငွေကျပ်ငါးသိန်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဉယျာဉ်မြို့တော်နေ Luminary Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းကိုက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ Micro Computer Electronic Time Recorder နာရီတစ်လုံး၊ Real Life ကြော်ငြာကုမ္ပဏီက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ Light Box တစ်ခု၊ ကြူလီယာအသင်း ဗိုလ်ဆွန်ပက်လမ်းက ငွေကျပ်နှစ်သိန်း၊ ဦးစိုင်းကျော်ထွန်း (နန်းထိုက်တော်ဝင် (၁)နှင့်(၂) စားသောက်ဆိုင်လုပ်ငန်း)က ငွေကျပ် ၃၆၀၀၀၀၊ အမ်ဂျီအက်စ်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၅၃၉၆၀ တန်ဖိုးရှိအအေးပုလင်းမျိုးစုံအလုံး ၂၈၈၀၊ ဦးတင်ဌေး- ဒေါ်ချိုချိုသွယ် အောင်ပြည့်စုံ မြေမှုန့်ကြိတ်လုပ်ငန်း မော်ဘီမြို့က ငွေကျပ်တစ်သိန်းနှင့် ဦးခင်မောင်ဇော်-ဒေါ်မို့မို့အောင် (အောင်ကျော်ပိုင် ကုမ္ပဏီလီမိတက်) က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင် ဦးခင်မောင်ဆွေ-ဒေါ်ကြည်ကြည် မိသားစု (ကျောက်ဆူး၊ ကျောက်မျက် ကုမ္ပဏီ) က ငွေကျပ်တစ်သိန်း၊ ဦးမြင့်သိန်း(ရွှေယင်း မာရောင်းဝယ်ရေး-ဘုရင့်နောင်) က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် သုံးသိန်း၊ မစုစုအေးအောင်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စုစုအေးအောင် အကြော်တက် အကိုက်အခဲပျောက် လိမ်းဆေးမှုန့် ဒါဇင် ၁၀၀၊ ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊သားမောင်ဉာဏ်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး လှိုင်သာယာမြို့နယ်က ငွေကျပ်၅၀၀၀၀၊ ဦးရွှေသာမိသားစု ပုလဲဂေဟာလမ်း (၃)ရပ်ကွက် လှည်းတန်းကမာရွတ်မြို့နယ်၊ကမာရွတ် မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်လှလှသန်းနှင့် ဦးတင်

(၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် တပ်မတော်သားများအတွက် တတိယအကြိမ်အလှူငွေပေးအပ်ပွဲတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

သန်း(တပ်မတော်(လေ) အငြိမ်းစား) ဒေါ်ခင်မြိုင် မိသားစု၊ ကမာရွတ်မြို့နယ် တို့က ငွေကျပ်၂၀၀၀၀စီ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့် ဗိုလ်ကြီးသန်းလှိုင်(ကွယ်လွန်)၏ ညီမ ဒေါ်တင်တင် မိသားစုက ငွေကျပ် ၁၀၀၀၀၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက ငွေကျပ်နှစ်သိန်း၊ တပ်ကြပ်ကြီးဘမြင့်(အငြိမ်းစား)၊ ဒေါ်အရှာမိသားစု အမှတ်(၃၆) ဖိုးစိန်လမ်းက ငွေကျပ်၅၀၀၀၀၊ ဟာဂျီ ဦးမင်းလွင် ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ် ၃၀၀၀၀၊ ဦးကျော်တင့်အောင်ချမ်းသာ အိမ်ဆောက် သံထည်ပစ္စည်းရောင်းဝယ်ရေးက ငွေကျပ်၂၀၀၀၀နှင့် ဦးထွန်းမင်း MTM ဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လှူဒါန်းမှုအစုစုတို့အတွက် ကျေးဇူး တင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် တတိယအကြိမ်အလှူငွေပေးအပ်ပွဲတွင် အလှူရှင်၂၆ဦးတို့က ငွေကျပ် ၆၁၄၁၁၅၀ တန်ဖိုးရှိ လှူဒါန်းပစ္စည်းများနှင့် အလှူငွေကျပ် ၃၉၈၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၁၂၁၁၅၀ကို ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီး ဘဝရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၆ x ၃)	-	၄ဝိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀ဝိ/-
သဲတစ်ကျင်း	-	၆၀၀ဝိ/-
မြစ်ကျောက်(အသေး)တစ်ကျင်း	-	၂၀၀၀ဝိ/-
ထုံး (တစ်အိတ်)	-	၁၀၀ဝိ/-
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	-	၅၀ဝိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန	**(ဝန်ကြီးရုံး)**	**ဖုန်း-၅၄၃၂၃၅၊ ၅၄၃၂၃၃**
ရှေးဟောင်းသုတေသနဦးစီးဌာန	**(ရုံးချုပ်)**	**ဖုန်း-၅၁၂၁၄၀၊ ၅၁၂၁၃၉**
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	**(မန္တလေး)**	**ဖုန်း ၀၂-၃၆၃၆၅၊ ၀၂-၃၉၁၅၆**

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

ဘယ်ဟာမူလ ပဓာန

★ မိသားစုံညီ၊ စိတ်ဝမ်းကြည်စွာ
ပြုံးရီ(ရယ်)ရွှင်ပျ၊ နေထိုင်ရလျက်
ကြောင့်ကြပူပန်၊ ခိုးသူရန်မှ
စိတ်ဒဏ်ခံစား၊ မရှိငြားခဲ့
ဘိုးဘွားမြေးမြစ်၊ ခိုင်ကျည်ချစ်လျက်
ကျစ်လျစ်အားမာန်၊ ဝန်းပတ်ရံသည်
အိမ်ခြံစည်းရိုးလုံခြုံ၍ ။

★ သူငါအများ၊ ခရီးသွားလျက်
အိမ်နားနီးချင်း၊ ရပ်ရွာချင်းလျှင်
ချစ်ခြင်းဖွဲ့သီ၊ ရောင်းဝယ်စည်လျက်
စေတီပုထိုး၊ ရွှေရည်တိုး၍
ဖွံ့ဖြိုးဝေဆာ၊ ငြိမ်းချမ်းသာသည်
ရပ်ရွာစည်းရိုးလုံခြုံ၍ ။

★ သူမြို့ကိုယ်မြို့၊ ရွှေလမ်းတို့လျှင်
တန်းလို့သွယ်ကာ၊ ချစ်ကြည်စွာဖြင့်
ပျူငှာခေါ်ပြော၊ သွေးချင်းနှောလျက်
ဝပြောစည်ပင်၊ ရှစ်ရပ်ခွင်ဝယ်
စိမ်းလွင်ကြည်မြ၊ ငြိမ်းချမ်းလှသည်
မြို့ပြစည်းရိုးလုံခြုံ၍ ။

★ သူအိမ်ကိုယ့်အိမ်၊ စိတ်ဝမ်းငြိမ်လျက်
တည်ငြိမ်အေးလှ၊ တို့မြို့ပြနှင့်
စိမ်းမြကျေးရွာ၊ ငြိမ်းချမ်းသာအောင်
ဘယ်ဟာမူလ၊ ပဓာနဟု
တွေးဆမရှိ ငါမသိခဲ့ ။

★ ငါတို့နေထိုင်၊ ရေမြေပိုင်နက်
ဝေးသီထက်ခေါင်၊ တောတောင်စွန်ဖျား
အနားသတ်စည်း၊ နိုင်ငံကြီးကို
ဖျက်ဆီးချိုးဖောက်၊ မကျိုးပေါက်အောင်
ယောက်ျားတို့ဌဲ၊ သတ္တိခဲဖြင့်
မိုးရွဲစိုစေ၊ နှင်းခဲစေလေ
နေပူစပ်ခါး၊ မခိုအားခဲ့
မယားကိုစွန့်၊ သားကိုစွန့်၍
မိစွန့်ဘစွန့်၊ ဆွေမျိုးစွန့်၍
သက်စွန့်ကြိုးပမ်း၊ စစ်မှုထမ်းသည့်
အောင်ပန်းတံခွန်၊ ပြည့်သားမွန်သည်
တို့ခြံလုံရ ပဓာန၊
လေးစားဂုဏ်ပြု ထိုက်ပေစွ။
နိုင်ငံ့စည်းရိုး လုံခြုံမှ။
ငြိမ်းချမ်းပြည်ရွာ သာမောစွ။ ။

မင်းရွှေမင်း (အင်းစိန်)

ဂုဏ်ပြုကျေးဇူးတင်လွှာ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၄-၃-၂၀၀၅ ရက်နေ့တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေပေါင်း ကျပ် ၃၉၈၀၀၀၀ နှင့် ကျပ် ၆၁၄၁၁၅၀ တန်ဖိုးရှိ ပစ္စည်းများ၊ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုး ကျပ် ၁၀၁၂၁၁၅၀ ကို လှူဒါန်းခဲ့ကြသည့်အတွက် အောက်ဖော်ပြပါအလှူရှင်များအား အထူးကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

- လက်ခတ်တောင်ဆရာတော်အရှင်ပဒုမသာမညနှင့် နတ်စင်တစ်ရာဆရာတော် အရှင်ပညာတေဇတို့က ၁၀၆၀၀၀၀ တန်ဖိုးရှိ ငါးကြင်းပိဿာ ၁၆၀၀ — ၁၀၆၀၀၀၀ိ
- မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ၃၇၇၁၉၀ တန်ဖိုးရှိ တပ်မတော်ရမ် ၂၂၈၆ လုံး — ၃၇၇၁၉၀ိ
- မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ — ၁၀၀၀၀၀ိ
- ရှမ်းပြည်နယ်(မြောက်ပိုင်း)တာမိုးညဲဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးရန်ပေဇုန်း (ခ) ဦးသန်းဌေးနှင့် အတွင်းရေးမှူး ဦးမြင့်လွင်တို့ဦးစီး၍ တာမိုးညဲဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က ကျပ်ငါးသိန်း၊ တာမိုးညဲ၊ ရှောက်ဟော်နှင့် လုံထန်ကျေးရွာများမှ ဒေသခံပြည်သူများက ကျပ်ဆယ်သိန်း၊ — ၁၅၀၀၀၀၀ိ
- ဦးအောင်ကိုကို (AKK Group)ရေလုပ်ငန်းအဖွဲ့က ကျပ်သိန်း ၂၀ တန်ဖိုးရှိ ရေခူ (၂-တန်) — ၂၀၀၀၀၀၀ိ
- ဦးမြတ်လွင်(မြတ်သပြေကွန်ပျူတာ Show Room) အမှတ်(၇၇) ကမ္ဘာအေးဘုရားလမ်း — ၅၀၀၀၀၀ိ
- ဦးထွန်းထွန်းကို(MD-Luminary Co.,Ltd.)ယုဇနဥယျာဉ်မြို့တော်၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ Micro Computer Electronic Time Recorder နာရီတစ်လုံး — ၃၀၀၀၀၀ိ
- ကြူလီယာအသင်း၊ ဗိုလ်ဆွန်ပက်လမ်း — ၂၀၀၀၀၀ိ
- ဦးစိုင်းကျော်ထွန်း၊ နန်းထိုက်တော်ဝင်(၁)နှင့်(၂)စားသောက်ဆိုင်လုပ်ငန်း — ၃၆၀၀၀၀ိ
- ဦးခင်မောင်ဇော်၊ ဒေါ်မိုမိုအောင်(အောင်ကျော်ပိုင်ကုမ္ပဏီလီမိတက်) — ၂၀၀၀၀၀ိ
- မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း — ၂၀၀၀၀၀ိ
- ဦးထွန်းမင်း(MTM)ဆောက်လုပ်ရေး — ၂၀၀၀၀၀ိ
- ဦးသိန်းထွန်း(MGS Group Co.,Ltd.)က ၁၅၃၉၆၀ တန်ဖိုးရှိ အချိုရည်မျိုးစုံ ၁၂၀ကတ် — ၁၅၃၉၆၀ိ
- (Real Life)ကြော်ငြာကုမ္ပဏီက ၁၅၀၀၀၀ တန် (Light Box) တစ်ခု — ၁၅၀၀၀၀ိ
- ဦးတင်ဌေး-ဒေါ်ချိုချိုသွယ် အောင်ပြည့်စုံမြေမှုန့်ကြိတ်လုပ်ငန်း(မှော်ဘီ) — ၁၀၀၀၀၀ိ
- ဦးခင်မောင်ဆွေ-ဒေါ်ကြည်ကြည်မိသားစု ကျောက်ဆူးကျောက်မျက်ကုမ္ပဏီ — ၁၀၀၀၀၀ိ
- ကိုမြင့်သိန်း ရွှေယင်းမာရောင်းဝယ်ရေး(ဘုရင့်နောင်) — ၁၀၀၀၀၀ိ
- မစုစုအေးအောင်က ကျပ်တစ်သိန်းတန်ဖိုးရှိ စုစုအေးအောင် အကြောတက်အကိုက်အခဲပျောက်ဆေးမှုန့် ဒါဇင်(၁၀၀) — ၁၀၀၀၀၀ိ
- ဦးခင်အောင်-ဒေါ်ခင်မြင့်သူ သားမောင်ဉာဏ်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး၊ လှိုင်သာယာ — ၅၀၀၀၀ိ
- ဦးရွှေသာမိသားစု အမှတ်(၈) ပုလဲဂေဟာလမ်း (၃)ရပ်ကွက် လှည်းတန်း ကမာရွတ် — ၂၀၀၀၀ိ
- ဒေါ်လှလှသန်း အထက်တန်းပြ အထက(၂)ကမာရွတ် — ၂၀၀၀၀ိ
- ဦးတင်သန်း-ဒေါ်ခင်မြိုင် တပ်မတော်-လေ(ငြိမ်း) အောင်မြေသာစည် ကမာရွတ်မြို့နယ် — ၂၀၀၀၀ိ
- လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)ဗိုလ်ကြီးသန်းလှိုင်(ကွယ်လွန်)၏ညီမ ဒေါ်တင်တင်မိသားတစ်စုမှ — ၁၀၀၀၀ိ
- တပ်ကြပ်ကြီးဘမြင့်(ငြိမ်း)-ဒေါ်အရှာမိသားစု အမှတ်(၃၆) ဖိုးစိန်လမ်း — ၅၀၀၀၀ိ
- ဟာဂျီဦးမင်းလွင် အမှတ်၇၃(ပ)ထပ် ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် — ၃၀၀၀၀ိ
- ကိုကျော်တင့် အောင်ချမ်းသာ အိမ်ဆောက်သံထည်ပစ္စည်းနှင့် ဟင်ဂလန်မျိုးစုံရောင်းဝယ်ရေး — ၂၀၀၀၀ိ

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ။

ဆဲဗင်းဒေးစ်နယူးဂျာနယ် အတွဲ(၃)၊ အမှတ်(၄)ဖြန့်ချီ

ရန်ကုန် မတ် ၂၄

ထိုင်း၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားဖြတ် စက်ဘီးစီး ခရီးစဉ် မြဝတီမြို့ထဲ ဝင်ရောက်လာခဲ့၊ ကမ္ဘာပေါ်တွင် ကျားမျိုး မပြုန်းစေရေး မြန်မာကကူညီ၊ အကျယ်ဆုံးဘေးမဲ့တောကြီး ပေါ်ထွန်းလာပြီဟု အမျိုးသား ပထဝီဝင်စာစောင်ကြီးက ချီးကျူးရေးသား၊ ရခိုင်ကမ်းလွန်ဒေသရှိ ရွှေဖြူနှင့် ငွေတွင်းများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်းများ မကြာမီစမည်၊ ဆယ်ဘီး ကုန်တင်ထရပ်ကားများ စမ်းသပ်ထုပ်လုပ် စသည့် ပြည်တွင်း မျက်မှောက်ရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဟစ်တလာ ဘာလင်၏ နှလုံးသားနေရာသို့ ဖယောင်းရုပ်အဖြစ်နှင့် ပြန်ရောက်၊စီအိုင်အေ သူလျှိုကင်မရာဖြင့် ၂၀၀၀ပြည့်နှစ်၌ ဘင်လာဒင်ကို တိုက်ရိုက် မြင်ခဲ့ရသော်လည်း ဖမ်းမမိခဲ့၊ နှလုံးအတု ဝယ်ကြမလား၊ တူးအင်ဝမ်းဆေးလုံး ဆေးလိပ်လည်းပြတ် ကိုယ်ရေလည်းစစ် အစရှိသည့် နိုင်ငံတကာရေးရာသတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar CP Co.,Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲကို မတ် ၂၇ ရက်မှ ဧပြီ ၂ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာပါဝင်ရန်၊ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင်တစ်ဦးသာပါဝင်ခွင့်ရှိသည်။ အသက် (၅၀)အထက် အမျိုးသားလက်ရွေးစင်ဟောင်းများနှင့် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိကြောင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း- ၃၇၂၃၆၀၊ ၃၈၁၉၉၁၊ Fax No. ၃၈၁၉၉၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ တံတားများအတွက် တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်လိုသူများအား တင်ဒါဖိတ်ခေါ်ပါသည်။

(က)	မူးမြစ်ကူးတံတား	ရေဦးမြို့နယ်
(ခ)	ချင်းတွင်း(ဆင်ဖြူရှင်)တံတား	ချောင်းဦးမြို့နယ်
(ဂ)	ရေးမြစ်ကူးတံတား	ရေးမြို့နယ်
(ဃ)	မြို့ကွင်းတံတား	ဟသ်ာတမြို့နယ်
(င)	ဖားတစ်ရှဉ်း(ဖားရှဉ်း)တံတား	ကြံခင်းမြို့နယ်

၂။ ချိပ်ပိတ်တင်ဒါတင်သွင်းလိုပါက သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းနှင့် ချုပ်ဆိုရမည့်စာချုပ်မူကြမ်းကို သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ/ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(သို့မဟုတ်) သက်ဆိုင်ရာ မြန်မာ့မီးရထား မန်နေဂျာ (သွားလာရေး/တိုင်း) တိုင်းရုံးများတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ရက်-အချိန် ၁၀-၃-၂၀၀၅(အင်္ဂါနေ့) (၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ

၄။ ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်ရက်-အချိန် ၁၀-၃-၂၀၀၅(အင်္ဂါနေ့) မွန်းလွဲ (၁၃:၀၀)နာရီတိတိ

မြန်မာ့မီးရထား
ဖုန်း-၀၁-၂၉၁၃၉၆၊
၀၁-၂၀၁၅၅၅၊လိုင်းခွဲ-၄၂၈။

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ပြည်သားမွန် ဇာနည်စစ်တဲ့ မျိုးချစ်စစ်သည်

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

"မြန်မာကို စောင့်ရှောက်သူ
ဘယ်သူတွေပါလဲ၊
လာမထိလေနဲ့
ဇာတိမြေ မပျက်ရေးကိုဖြင့်
အသက်ပေးမည် အခိုင်အမာပေါ့
ဆိုင်လာလျှင် ရန်အပေါင်းကိုလဲ
ထောင်းထောင်းကြေ မြူနှယ်လွင့်စေဖို့
ရဲရင့်အလံ ထင်ရှားစွာနဲ့
ဖွဲ့နှင့်မာန် ခြသေ့်အလားပါကွဲ့
ပြည့်သားမွန် ဇာနည်စစ်တဲ့
မျိုးချစ်တို့ပဲ။ ။"

(မြင်းမူမောင်နိုင်မိုး)

မတ်လ ၂၇ ရက်နေ့ တပ်မတော်နေ့ကို ရောက်ရှိလာတိုင်း မြန်မာ့တပ်မတော်ကြီး၏ ဂုဏ်ကျေးဇူးကို အထူးပင်သတိရနေမိပါသည်။ နှလုံးသားထဲတွင် တပ်မတော်၏ မော်ကွန်းမှတ်တမ်းများ ကမ္ပည်းတင်ထားလျက်ရှိသည်။ လှိုင်းထသောရင်မှ နိုင်ငံတော်လွတ်လပ်ရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ရင်း နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူသွားကြသော ဇာနည်ရဲဘော်တို့ကို လွတ်လပ်၍အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေး လမ်းကြောင်းမှန်ရောက်ရှိနေသော ယနေ့ကာလတွင် ပြန်လည်တမ်းတ သတိရနေမိပါသည်။

တပ်မတော်၏ ဂုဏ်ကျေးဇူးကား အထူးပင် ကြီးမားလှပါသည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် တစ်ချိန်က တပ်မတော်သားများ၏ ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ပုံများကို အစဉ်အမြဲ သတိရလျက်ရှိနေမိသည်။ နယ်ချဲ့ ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်ကြီးတွင် မျိုးချစ်တပ်မတော်သားများသည် အသက်ကိုပဓာနမထားဘဲ ပြည်သူတို့နှင့်အတူ ပူးပေါင်းလက်တွဲတိုက်ပွဲဝင်ခဲ့ကြပုံများကို အမှတ်တရ ဖြစ်နေမိပါသည်။ လွတ်လပ်ရေးကြီးရပြီးစ နယ်ချဲ့တို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာ တပ်မတော်က စွမ်းစွမ်းတမံကာကွယ်ကာ ပြည်သူဘက်မှ မားမားမတ်မတ် ရပ်တည်သည်သာမကဘဲ ယနေ့ခေတ်တွင် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ပြည်သူတို့နှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည်များကို မျက်မြင်ထင်ရှား အားရဂုဏ်ယူဖွယ် တွေ့မြင်နေကြရပါသည်။

၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၅၉) နှစ်မြောက် တပ်မတော်နေ့အတွက် ဦးတည်ချက်များ ချမှတ်ထားပါသည်။

(၅၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များမှာ–

- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊**
- **နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက် မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး**

ဟူသည့် ဦးတည်ချက်များပင် ဖြစ်သည်။

ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့်ပြည်သူများအတွက် ချမှတ်ထားသော တပ်မတော်နေ့ဦးတည်ချက်များကို တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားကြမည်ဟူ၍ သန္နိဋ္ဌာန် ပြုသင့်ကြပေသည်။

မြန်မာ့တပ်မတော်သည် ခိုင်မာသော အမျိုးသားရေးမူဝါဒများ ချမှတ်ဆောင်ရွက်နေသော တပ်မတော်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အောက်ဖော်ပြပါအတိုင်း ရှင်းလင်းမိန့်ကြားထားပါသည်။

"၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ကစပြီး တို့တပ်မတော်ဟာ နိုင်ငံတော်ကို တာဝန်ယူခဲ့ရတယ်။ အဲဒီအချိန်တုန်းက တစ်နိုင်ငံလုံး မင်းမဲ့စရိုက်နှင့် အကြမ်းဖက်မှုတွေ ထူပြောပြီး ဖြစ်ချင်တိုင်းဖြစ်နေတာမို့ ငါတို့တပ်မတော်သာတာဝန်မယူခဲ့ရင် တို့နိုင်ငံဟာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲရတော့မယ့် အခြေအနေမျိုးဆိုတာ သက်သေ အထင်အရှားရှိတယ်။ တို့တပ်မတော်ဟာ ထုတ်ဖော်ကြေညာခြင်းမပြုခဲ့ပေမယ့် အရင်ကတည်းက လိုက်နာကျင့်သုံးနေတဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ရွက်ပန်ဆင်ထားတယ်ဆိုတာ အဲဒီအခြေအနေမျိုးမှာ နိုင်ငံတာဝန်ကိုယူလိုက်ခြင်းအားဖြင့် အတိအလင်းပြသနိုင်ခဲ့တယ်"

ဟူ၍ တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ဦးတည်ချက်ခိုင်မာစွာဖြင့် နိုင်ငံ့တာဝန် စွမ်းစွမ်းတမံ ဆောင်ရွက်နေသော တပ်မတော်ဖြစ်ကြောင်း ဖော်ပြမိန့်ကြားခဲ့သည်။

၁၉ ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က တပ်ပေါင်းများစွာဖြင့် အင်အားသုံး၍ ပေါင်စတာလင်ငွေကြေး ကုဋေချီသော စစ်စရိတ်သုံးစွဲကာ မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့စဉ် ကာလတစ်လျှောက်လုံး အမျိုးသား နိုင်ငံရေးအင်အားစုများသည် လွတ်လပ်ရေးကြိုးပမ်းရာတွင် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ နယ်ချဲ့တို့က နည်းမျိုးစုံဖြင့် ချုပ်ခြယ်ဖိနှိပ် ဟန့်တားခဲ့၍ လွတ်လပ်ရေးခရီးသည် ရှည်ကြာခဲ့ရသည်။ လွတ်လပ်ရေးရရှိသောအခါတွင်လည်း နယ်ချဲ့တို့၏ ပယောဂကြောင့် မြန်မာ့နိုင်ငံရေးအင်အားစုများ စိတ်ဝမ်းကွဲခဲ့ကြရသည်။ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အားနည်းခဲ့ရသည်။ အကြောင်းရင်းမှာ နယ်ချဲ့တို့က Divide and Rule ဟူသော သွေးခွဲအုပ်ချုပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ဆိုးမွေများဖြစ်သည့် တိုင်းရင်းသားသွေးချင်းများအကြား သံသယပွားမှု၊ မုန်းတီးမှု၊ မညီညွတ်မှုစသည့် မမှန်ကန်သော ဆိုးညစ်သည့် သဘောထားများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အပြီးတိုင် ဖယ်ရှားပစ်ရေးမှာ မြန်မာ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်သည်"

ဟူ၍ မြွက်ကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် အေးအတူပူအမျှ မရှိအတူရှိအတူ အတူတကွ စုစည်းနေထိုင်ခဲ့ကြသည်မှာ ရှေးပဝေသဏီကပင် ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်နှမများဖြစ်ကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး၏ နေထိုင်ရာအရပ်ဒေသကိုလိုက်၍ ခေါ်ဝေါ်ပြောဆိုသော စကား၊ ယုံကြည်ရာ ဘာသာတရားတို့ ကွဲပြားကြမည်ဖြစ်သော်လည်း မြန်မာလူမျိုးတို့၏ ပင်ကိုစရိုက်လက္ခဏာ၊ ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးစံများမှာ အခြေခံအားဖြင့် တူညီကြပေသည်။ တိုင်းရင်းသားလူမျိုးများ အသီးသီး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့်သာ လွတ်လပ်ရေး ရခဲ့ခြင်းဖြစ်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဗဟိုပြုအားထားသော တပ်မတော်ကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တပ်မတော်နှင့် ပတ်သက်၍ အောက်ပါမိန့်မှာချက်ကို လေးနက်စွာ ဖော်ပြအပ်ပါသည်–

"တပ်မတော်သားတစ်ဦးရဲ့ မူလအခြေခံကတော့ မျိုးချစ်စိတ်ဓာတ်ရှိခြင်းနဲ့ နိုင်ငံတော်အပေါ် သစ္စာရှိခြင်းတို့ဖြစ်တယ်။ တပ်မတော်ဟာ အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်တဲ့အပြင် အသက်ပေးကာကွယ် စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။ နိုင်ငံတော်အတွက် အသက်စွန့်ခြင်းဟာ စစ်သားဂုဏ်ရည် ဖြစ်တယ်။ ခေါင်းဆောင်တစ်ယောက်အနေနဲ့ အကျပ်အတည်းကြားမှ ဆုံးဖြတ်ချက်ချတဲ့အခါ ရှုထောင့်ပေါင်းစုံက နှိုင်းယှဉ်သုံးသပ်ပြီး တည်ငြိမ်မှန်ကန်စွာ ရှတ်ခြည်းဆောင်ရွက်နိုင်ဖို့ လိုအပ်တယ်။ စစ်ဘက်တာဝန်ရဲ့ သဘောသဘာဝအရ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို အချိန်ကိုက် ချမှတ်ပေးနိုင်မှသာ လက်အောက်ငယ်သားတွေရဲ့ ယုံကြည်ကိုးစား အားထားမှုကို ရရှိလိမ့်မယ်။ ပြောင်းလဲမှုအရှိန်အဟုန် မြန်ဆန်လွန်းတဲ့ခေတ်ကြီးမှာ ပြဿနာအသစ်တွေဟာ ခေါင်းဆောင်ကို စိန်ခေါ်လျက်ရှိတယ်။ ရဲဘော်တို့ဟာ သဘာဝတရားထဲမှ ငုပ်နေတဲ့ စွမ်းအားသစ်တွေကို ရှာဖွေဖော်ထုတ်တဲ့ နည်းပညာရှိအောင် ကြိုးစားကြရမှာဖြစ်တယ်။ လေ့လာစူးစမ်းမှုတွေကို ထပ်တလဲလဲ ဖွဲ့ကြီးကြီးနဲ့ ပြုလုပ်သူဟာ တီထွင်မှုလမ်းကြောင်းပေါ်ကို ရောက်ရှိသွားမှာ ဖြစ်တယ်။ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် နည်းပညာဖွံ့ဖြိုးမှုဟာ နေရာတိုင်း၊ ကဏ္ဍတိုင်းမှာ လိုအပ်လျက်ရှိတယ်။ ခေတ်မီတပ်မတော် တည်ဆောက်ရေးရဲ့ ရည်မှန်းချက်ဟာ ခေတ်သစ်စစ်ပွဲကို ရင်ဆိုင်နိုင်ဖို့ ဖြစ်တယ်။ ခေတ်သစ်စစ်ပွဲမှာ အာကာသလေကြောင်းနဲ့ ရေကြောင်းကဏ္ဍတွေဟာ အဓိကနေရာမှာ ပါဝင်လျက်ရှိတယ်"

တပ်မတော်သည် သွေးရင်းသားရင်း ညီနောင်ဘွား ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်သောအင်အားကိုရယူ၍ ခေတ်မီအေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်နေသောအချိန်တွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသည့် ခေတ်အဆက်ဆက်တွင် သက်သေထင်ရှားသည့် ပကတိအမှန်တရားကို ဆက်လက်စွဲကိုင်ထားကြရမည်သာ ဖြစ်ပါသည်။ တပ်မတော်သည် စစ်ရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်ဝအောင် အစဉ်ကြိုးပမ်းနေသော တပ်မတော်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံနှင့်လူမျိုးတို့၏အကျိုးကို အစဉ်သယ်ပိုးလျက်ရှိသည်။

တပ်မတော်နှင့် တပ်မတော်သားတိုင်း၏ အခြေခံအရည်အချင်းငါးပါးမှာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူ၍ ဖြစ်သည်။

တပ်မတော်သည် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စစ်စည်းကမ်း ကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှုနှင့် သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှုဟူသည့် အား(၁၀)ပါးကို ပိုမိုမြင့်မားအောင် ဖြည့်ဆည်းနေသော တပ်မတော်ဖြစ်သည်။

တပ်မတော်သည် ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော် ဖြစ်သည်နှင့်အညီ နိုင်ငံတော်တွင် အရေးကြုံလာတိုင်း ပြည်သူများ၏ရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ် အခြေခံတွေကို အလေ့အကျင့်ရအောင် လုပ်ပေးနေသလို တစ်ဖက်ကလည်း စီးပွားရေးအခြေခံအဆောက်အအုံတွေကို အမြန်ဆုံး တည်ဆောက်ပေးလျက်ရှိတယ်။ နိုင်ငံတော်အတွင်း ဆည်မြောင်းတာတမံကြီးများ၊ တံတားကြီးများ၊ လမ်းများနဲ့ စက်ရုံအလုပ်ရုံများဟာ တစ်ပြည်လုံးမှာ လက်ညှိုးထိုးမလွဲအောင် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်တယ်။ ဒါတွေဟာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်နေတာကို ငြင်းချက်မရှိနိုင်အောင် အမှန်တရားဘက်က သက်သေခံနေတဲ့ သမိုင်းမှတ်တိုင်တွေပဲ ဖြစ်တယ်။ ဘယ်သူမှ မျက်စိမှိတ်ပြီး ငြင်းလို့မရလောက်အောင်လည်း ထုထည်ကြီးမား ထင်ရှားသလို အကျိုးတရားများပြားတာကိုလဲ တွေ့ရတယ်"

ဟူ၍ ယနေ့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု သမိုင်းမှတ်တိုင်များနှင့်စပ်လျဉ်း၍ မြွက်ကြားခဲ့ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်တွင်းပြည်ပ ရန်မှန်သမျှကို ချုပ်ငြိမ်းပျောက်ကွယ်သွားရန် တပ်မတော်က ကြိုးပမ်းခဲ့ရသည်။ ပထမဦးစွာ တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းခဲ့သည်။ ထို့နောက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဦးတည်ဖော်ဆောင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ကလည်း တပ်မတော်၏ စေတနာကို နားလည်ကာ ပူးပေါင်းဆောင်ရွက်လာခဲ့သည်။ တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အခြေခံကောင်းများ ရရှိအောင် ကြိုးပမ်းခဲ့သည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံအနှံ့ လက်ညှိုးထိုးမလွဲ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်တစ်ဝန်းလုံး တောင်တန်းမြေပြန့် ဒေသအနှံ့တွင် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ၊ စက်ရုံကြီးများ၊ သာယာသစ်လွင်သော လူမှုရေး အခြေခံအဆောက်အအုံများ မြောက်မြားစွာ ဖြစ်တည်ခဲ့ပြီး ချိုင့်များကိုဖြည့်၊ မြေပြန့်တွင်ညှိ၊ တောင်ကိုဖောက်၊ ချောင်းကိုဖြတ်၊ မြစ်ကိုကျော်ပြီး လမ်းတံတားများ တည်ဆောက်ပေးခဲ့သည်။ တောင်ပေါ်မြေပြန့်ဒေသအနှံ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဆက်သွယ်မှု လွယ်ကူချောမွေ့၍ ပိုမိုရင်းနှီး ချစ်ခင်လာကြသည်။ ဆည်မြောင်းတာတမံများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသည်။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ သစ္စာလေးလီ ရင်၌တည်ကာ အားဆယ်ပါးနှင့်ပြည့်စုံသော တပ်မတော်သည် နိုင်ငံတော်၊ ပြည်သူတို့နှင့် ပူးပေါင်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ဆီသို့ ချီတက်လျက်ရှိနေပါကြောင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

မတ် ၁၄ရက်က ဗဟန်းမြို့နယ် အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲကို အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက စတုတ္ထတန်းကျောင်းသူ မကေခိုင်စိုးအား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ဖာဂူဆန်ထံမှ မန်ယူစိတ်ဓာတ်ကို ငှားသုံးသွားသည့် အာဆင်ဝင်းဂါး

ဟိန်းသန့်

ရန်ကုန် မတ် ၂၄

မန်ယူချစ်သူများ၏ ကြေကွဲရာသီတစ်ခုပေပဲလား။ မန်ယူတို့အတွက် သည်ရာသီမျှော်လင့်စရာဟူ၍ အက်ဖ်အေဖလားသာ ရှိတော့သည်။ ချန်ပီယံလိဂ်မှလည်း ပြုတ်ခဲ့ပြီ။ ပရီမီယာရှစ်၌လည်း ထိပ်ဆုံးမှ ဦးဆောင်နေသည့် အာဆင်နယ်နှင့် ၁၂ မှတ်တောင် ကွာဟသွားသည်။ မန်ယူချန်ပီယံဖြစ်ရေး မလွယ်တော့။ လက်ကျန်မျှော်လင့်စရာ အက်ဖ်အေပွဲ၌လည်း အာဆင်နယ်နှင့် ထိပ်တိုက်တိုးနေသည်။ ထိုပွဲများရှုံးခဲ့ပါက နောက်ထပ် ၂၀၀၂တစ်ခု မန်ယူတို့ထံ ထပ်မံရောက်လာဦးမည် ဖြစ်သည်။

အာဆင်နယ် သည်ရာသီ၌ ခြေစွမ်းတွေ အစွမ်းကုန်ပြနေသည်။ ဖလားသုံးခုလုံး လမ်းကြောင်းပေါ်၌ အာဆင်နယ် ခပ်မှန်မှန် လျှောက်လှမ်းနေသည်။ ပရီမီယာရှစ်၌ ရှုံးပွဲမရှိသေးဘဲ ဦးဆောင်နေသည်။ ဒုတိယ၊ တတိယ ထင်မှတ်သွားပုံရသည်။ အာဆင်နယ် ဘယ်လောက်စွမ်းစွမ်း၊ မန်ယူကို ဘယ်လိုပဲ ပခုံးချင်းယှဉ်ယှဉ် အချိန်တန်ရင် မန်ယူ၏ဗီရိုထဲ ပရီမီယာရှစ်ဖလား ဝင်လာလိမ့်မည်ချည်း ထင်နေပုံရသည်။ ထို့ကြောင့် သွေးနားထင်ရောက်သွားသော

မတ် ၁၃ရက်က အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံး ပြိုင်ပွဲ ပွဲစဉ်(၂၈) ကို ဆက်လက် ကျင်းပရာ အာဆင် နယ်နှင့် ဘ လက် ဘန်း အသင်း တို့ ယှဉ်ပြိုင်ကစား သည့်ပွဲ တွင် အာဆင် နယ်မှ အွန်နရီက အလွတ် တည်ကန် ဘောမှ ဂိုးရရှိအောင် ဤသို့ ကန်သွင်း ယူခဲ့ သည်။
(ယင်းပွဲတွင် အာဆင်နယ်က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။)

အသင်းများကို အမှတ်ဖြတ်ထားသည်။ ပရီမီယာရှစ် ချန်ပီယံဖြစ်ပြီဟုတောင် ပြော၍ ရနေသည်။ အက်ဖ်အေဖလားပွဲ၌ အာဆင်နယ် ဆီမီးရောက်နေပြီ။ ဆီမီး၌ ပြိုင်ဘက်ကြီး မန်ယူနှင့် ယှဉ်ပြိုင် ကစားရမည်။ နိုင်ပါက ဗိုလ်စွဲပြီဟု ပြောနိုင်ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်ဆီမီးဖိုင်နယ် ကစားသည့် နှစ်သင်းမှာ ပရီမီယာရှစ်အဆင့်မရှိ၊ ပထမတန်း၌ ကစားနေကြသည့် အသင်းနှစ်သင်း ဖြစ်နေသောကြောင့် ဖြစ်သည်။ ထိုပထမတန်းနှစ်သင်း မည်သည့်အသင်း ဗိုလ်လုပွဲ ရောက်ရောက် အာဆင်နယ်နှင့် ကွာဟလွန်းနေသည်။ ချန်ပီယံလိဂ်၌လည်း အာဆင်နယ် ကွာတားရောက်နေ သည်။ ကွာတား၌ တစ်နိုင်ငံတည်း၊ တစ်မြို့တည်းက ချယ်လ်ဆီးနှင့် လာတွေ့နေသည်။ သည်ရာသီ အာဆင်နယ် နှင့်ချယ်လ်ဆီး သုံးကြိမ်ဆုံထားပြီ။ သုံးကြိမ်စလုံး အာဆင်နယ် အနိုင်ရထားသည်။ နောက်ဆုံးဆုံခဲ့သည့် ၁၆ ကြိမ်တွင်လည်း ချယ်လ်ဆီးမှာ အာဆင်နယ်ကို မနိုင်ခဲ့သည့်အသင်း။ သည်တော့ ချန်ပီယံလိဂ်၌လည်း အာဆင်နယ်အတွက် ချန်ပီယံဆု မျှော်လင့်ခွင့်ရှိနေသည်။

အကယ်၍များ သည်ရာသီ၌ အာဆင်နယ်တို့ ဖလားသုံးခုစလုံး ရခဲ့ပါက ၁၉၉၉ခုနှစ် မန်ယူ၏ အောင်မြင်မှုကို ခြေရာနင်းနိုင်ပြီဖြစ်သည်။ ဖာဂီ၏အောင်ပွဲ ဝင်းဂါးဆီသို့ ကူးတော့မည်လား။ သည်ရာသီ ဖာဂီ၏မန်ယူ နာလန်မထူသလောက် အာဆင်နယ်တို့ကတော့ ဝင့်ကြွားနေခဲ့သည်။ ဖာဂီ ဘာမှားသွားသနည်း။ ဝင်းဂါးကတော့ ယခုအချိန်၌ လက်မထောင်နိုင်သည့် အချိန်မျိုးဖြစ်နေသည်။ တစ်ချိန်က ဖာဂီသည် ပို၍လက်မထောင်နိုင်ခဲ့သည်။ ပြီးခဲ့သည့် ရာသီကဆိုလျှင် ဖာဂီ၏မန်ယူတို့လုပ်သွားပုံက ဝင်းဂါးတစ်ယောက် ခံပြင်းစရာ ဖြစ်နေသည်။ ပန်းဝင်ခါနီးမှ မန်ယူတို့ ကျော်တက်သွားခြင်းကို ခံလိုက်ရပြီး အာဆင်နယ် Knock out ကျသွားသည်။ ထိုအဖြစ်အပျက်ကို ဝင်းဂါးနှင့် အာဆင်နယ် ကစားသမားအားလုံး တစ်သက် မေ့နိုင်မည် မထင်။ ထို့ကြောင့် အာဆင်နယ်တို့ သည်ရာသီ၌ မခံချင်စိတ်ဖြင့် ပိုကြိုးစားပြခဲ့သည်။ ကြိုးစားမှု၏ရလဒ်က လက်ရှိ အာဆင်နယ်၏ အနေအထားကို ရောက်လာခဲ့ခြင်းဖြစ်သည်။

ဖာဂီမှာ ထိုသို့မဟုတ်၊ ပြီးခဲ့သည့် ရာသီက ဝင်းဂါး၏ အာဆင်နယ်ကို မထင်မှတ်သည့် အခြေအနေမျိုးမှ ကျော်ဖြတ်နိုင်ခဲ့သဖြင့် ဖာဂီ မာန်တက်သွားပုံရသည်။ ပရီမီယာရှစ်ဖလားမှာ မန်ယူ၏ ဘိုးဘွားပိုင်ပစ္စည်းဟု

ဖာဂီ သည်ရာသီ၌ မန်ယူကိုပြုပြင်ပြောင်းလဲမှုများစလုပ်ရန် ကြိုးစားတော့သည်။ ယခင်က သူသည်လိုအပြောင်းအလဲ လုပ်ခဲ့တိုင်းလည်း အသင်း၏အနေအထား မယိုမယွင်းဘဲ ရှိနေတတ်သည်က ဖာဂီ၏ ယုံကြည်မှုသို့ မီးထိုးပေးနေသလိုရှိသည်။

ရာသီအစ ဘက်ဟမ်းကို ရီးရဲမက်ဒရစ်သို့ ရောင်းထုတ်လိုက်သည်။ ဘက်ခမ်းမရှိ၍ မန်ယူ ဘာမှမဖြစ်နိုင်ဟု ဖာဂီယုံထားသည်။ ထို့အပြင် အသင်း ခြံပေါက်တချို့ကိုလည်း ဖယ်ရှားလိုက်ပြန်သည်။ ထို့နောက် ဖာဂီ၏ အဝယ် အစွမ်းပြတော့သည်။ တင်ဟောင်းဝပ်၊ ဂျမ်ဘာဂျမ်ဘာ၊ ကလီဘာဆင်၊ ရိုနယ်ဒို တစ်ယောက်ပြီး တစ်ယောက် မန်ယူကိုရောက်လာကြသည်။ ဖာဂီအနေဖြင့် အနာဂတ် မန်ယူအသင်းကို ပုံဖော်ကြည့်ရန် ကြိုးစားခြင်းဟု ဆိုနိုင်သည်။

မတ် ၉ရက်က ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ရှုံးထွက်ပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်ကွင်း၌ မန်ချက်စတာယူနိုက်တက်အသင်းနှင့် အက်ဖ်စီပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်ချက်စတာမှ ပေါလ်စခိုးဂိုးသွင်းစဉ်။ (ထိုပွဲတွင် တစ်ဂိုးစီသရေကျသွားသဖြင့် နှစ်ပွဲပေါင်း သုံးဂိုး–နှစ်ဂိုးဖြင့် မန်ယူပြိုင်ပွဲမှ ထွက်သွားရသည်။)

ရာသီအစ အခြေအနေ ကောင်းသည်။ မန်ယူပုံမှန်အတိုင်း သွားနေခဲ့သည်။ ပရီမီယာရှစ်ကိုပါ ဦးဆောင်ခွင့်ရလိုက်သေးသည်။ သည်တွင် ဖာဂီ ပိုဆိုးသွားသည်။ ပရီမီယာရှစ်၌ မန်ယူကို ဖြိုနိုင်သည့်အသင်း မရှိသေးဟု

ပိုထင်သွားပုံရသည်။ ထို့နောက်တွင် အဓိက ကစားသမားများ ဒဏ်ရာပြဿနာများနှင့်ကြုံတော့သည်။ မန်ယူ ခြေလှမ်း မမှန်ချင်တော့။ သည်ကြားထဲ ဖာဒီနန် ပြဿနာ ဝင်လာသည်။ ဖာဒီနန် ကာလရှည် ပွဲပယ်ခံလိုက်ရသည်။ မန်ယူခံစစ်၌ အားကိုးရသူ တစ်ဦး လျော့သွားခဲ့သည်။ ထို့ကြောင့် ဖာဒီနန် မရှိတော့၍ အား နည်းသွားနိုင်သည့် မန်ယူ ခံစစ်အနေ အထားကို အသေအချာ မတွက်မိ။ အသင်းကို လာချင်လှသည် တကျိုကျိုဖြစ်နေသူ ဆာဟာ ကိုသာ မရမကခေါ်ဖို့ ကြိုးစားခဲ့သည်။

ဆာဟာရောက်လာ၍ မန်ယူ တိုက်စစ် တက်လာသည်မှာတော့ သိသာသည်။ သို့သော် ဖာဒီနန် မပါသည့် ခံစစ်ကို ဖာပေးမည့်သူမရှိ။ ဤတွင် မန်ယူ ဒုက္ခတွေ့တော့၏။ ပလိုင်းပေါက်နှင့် ဖားကောက်သကဲ့သို့ ရှေ့ကသွင်းသည့်ဂိုး နောက်က ပြန်ပေးနေရကာ မန်ယူ တို့၏ အနေအထား အဆိုးရွားဆုံးဖြစ်သွား ခဲ့တော့သည်။ ဖာဂီ၏ နောက်အမှား တစ်ခုမှာ အသင်းကို ပြုပြင်ပြောင်းလဲမှု အလျင်စလို လုပ်လိုက်ခြင်း ဖြစ်သည်။ ခြံပေါက်တွေကို ဖယ်ရှား၊ ပြင်ပက လူငယ်များနှင့် အစားထိုးမိခြင်းကလည်း မန်ယူ နာလန်မထူနိုင်ဖို့ လမ်းစဖြစ်သွားခဲ့သည်။ နောက်ရောက်လာသည့် လူငယ်များမှာ မန်ယူ၏အရှိန်ဖြင့် မိမိတို့ ဂုဏ်သတင်း ကျော်စောအောင် ရောက်လာသူက များသည်။ မန်ယူ၏ ငယ်မွေးခြံပေါက်များလောက် အသင်းကို ချစ်သည့် စိတ်မျိုးမရှိ။ မန်ယူကို ခုတုံးလုပ်ပြီး မိမိ တက်လမ်းရှာချင်သူက များနေရာမန်ယူ၌ အဟောင်းနှင့် အသစ်တို့ကြား စည်းလုံးမှု လျော့နည်းသွားစေခဲ့သည်။ ထို့ကြောင့် အသင်း အနေဖြင့် အရင်လို မန်ယူစိတ်ဓာတ်မျိုး မရှိတော့ဘဲ သည်ရာသီ၌ ခပ်ယိုင်ယိုင်နဲ့နဲ့မန်ယူ ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။ ယခုလည်းမန်ယူခြံပေါက်များကို ထပ်ရောင်းဦး မည်ဟူသော သတင်းထွက်နေပြန်ရာ ဖာဂီ မည်သည့် ခြေလှမ်းမျိုး လှမ်းဦးမည်ကိုဆက်ပြီး စောင့်ကြည့်ရမလို ဖြစ်နေသည်။

မန်ယူတို့ ရှုန်းကန်နေချိန်တွင် အာဆင်နယ်ကတော့ ပန်းပန်လျက်။ တကယ်တော့ ဝင်းဂါးမှာ အာဆင်နယ်ကို သည်ရာသီ၌ ဖာဂီ၏ထုံးနှလုံးမူပြီး ပုံသွင်းသွားခဲ့သည်ကို မည်သူမျှ မရိပ်မိလိုက်။ ပြီးခဲ့သည့်ရာသီ၏ အဖြစ်ဆိုးက ဝင်းဂါးကို သင်ခန်းစာ အများကြီး ပေးသွားခဲ့သည်။

ထို့ကြောင့် သည်ရာသီတွင် ဝင်းဂါးအနေဖြင့် အာဆင်နယ်ကို အရင်မန်ယူစိတ်ဓာတ်မျိုးဖြစ်အောင် ပုံသွင်းခဲ့သည်။ အသင်းကို လူအပြောင်းအလဲ ရာသီအစ၌ လုံးဝမလုပ်ခဲ့။ သည်လူများဖြင့် တကယ်ကစားလျှင် အာဆင်နယ်ကို မည်သည့်အသင်းမှ လိုက်မမီနိုင်သည်ကို ဝင်းဂါး သဘောပေါက်သည်။ ထို့ကြောင့် အထိုင်ကျနေသော အသင်းကို မဖျက်ပစ်ဘဲ အသင်းအတွက် လိုအပ်သော စိတ်ဓာတ်ပိုင်း



အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ မန်ချက်စတာယူနိုက်တက်နှင့်အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်ချက်စတာမှ ရွိုင်ကိန်းက အာဆင်နယ်မှ ပက်ထရစ်ဗီယာရာ၏ ဟန့်တားမှုကို ထိုးဖောက်ကျော်လွှားစဉ်။

ကိုသာ အဓိကပြုပြင်ခဲ့သည်။ အသင်းကို စုစုစည်းစည်း ရှိအောင် ပိုအားထုတ်ခဲ့သည်။

ရာသီအစလောက်က ပြဿနာများကြောင့် ပွဲပယ်ခံရသူခံရ၊ ဒဏ်ရာကြောင့် နားနေရသူက နားနေရသော်လည်း အသင်းအနေဖြင့် ဟန်ချက်မပျက်ဘဲ ရှေ့သို့ချီနိုင်ခဲ့ခြင်းက သည်ရာသီ ဝင်းဂါး၏ပုံသွင်းမှု အလုပ်ဖြစ်သွားကြောင်း ပြနေသည်။ အသင်းသားများကြား စိတ်ဓာတ်ပိုင်းတက်လာပြီး ယခင်လိုပုံစံမျိုး မဟုတ်တော့။ ကစားစရာရှိ အပြတ်ကစား၊ အနိုင်ယူစရာရှိ ပြတ်ပြတ်သားသား အနိုင်ရအောင် ကစားလာနိုင်သည်ကလည်း ဝင်းဂါး၏ အာဆင်နယ် သည်ရာသီ၌ သိသိသာသာ ပြောင်းလဲသွားသော အချက်တစ်ခုဖြစ်ခဲ့သည်။

ဝင်းဂါးကိုယ်တိုင်ကလည်း သည်ရာသီ၌ ခါတိုင်းလို သိပ်မဝင့်ကြွား၊ ခပ်ကုပ်ကုပ်ဖြင့် အားလုံးကို အလုပ်နှင့်ပဲ သက်သေပြခိုင်းခဲ့သည်။ ယခုလိုအခြေအနေမျိုး ရောက်နေသည်တောင် အသင်းအတွက် ဝင်းဂါးကိုယ်တိုင်သတိပေးနေသည်ကလည်း ဝင်းဂါးသည်ရာသီ၌ ပြောင်းလဲသွားသည်မှာ ထင်ရှားနေသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သတိပေးရင်း ရှေ့သို့ ခပ်မှန်မှန် လျှောက်လှမ်းနေသည့် အာဆင်နယ်တို့အတွက် မျှော်လင့်ထားသလို အောင်ပွဲရ မရ စောင့်ကြည့်ရဦးမည် ဖြစ်သော်လည်း သည်ရာသီ၌ ဝင်းဂါးတစ်ယောက် မန်ယူစိတ်ဓာတ်ကို အာဆင်နယ်အတွက် ငှားသုံးသွားသည်ကတော့ အသေအချာပင် ဖြစ်ပါတော့သည်။ ထိုအချိန်တွင် မန်ယူအသင်းကမူ...။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့
Fellowship of the Royal College of Radiologists(FRCR) သင်တန်းအတွက်
ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

ယူကေနိုင်ငံ တော်ဝင်ဆေးကောလိပ် Fellowship of the Royal College of Radiologists (FRCR) သင်တန်းအတွက် ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် အောက်ဖော်ပြပါသတ်မှတ် အရည်အချင်းများနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သောအရည်အချင်း

၁။ M.Med.Sc(Radiology) ဘွဲ့ရရှိထားသူ၊ အစိုးရဝန်ထမ်းအဖြစ် လက်ရှိတာဝန် ထမ်းဆောင်နေသူ ဖြစ်ရမည်။
၂။ လျှောက်လွှာပိတ်သည့်နေ့တွင် အမှန်တကယ် အမှုထမ်းသက် အနည်းဆုံး (၂)နှစ် ရှိရမည်။ အမှုထမ်းသက် (၂)နှစ်တွင် အလုပ်သင်ဆရာဝန် လုပ်သက်နှင့် ခွင့်ရက်များ မပါဝင်ပါ။
၃။ လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
၄။ ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အမှုထမ်းမည့်သူသာ ဖြစ်ရမည်။
၅။ ပြည်တွင်းဘွဲ့လွန် သင်တန်းတက်ရောက်နေသူများ လျှောက်ထားခွင့် မရှိပါ။

လျှောက်လွှာတွင် ဖော်ပြရမည့်အချက်အလက်များနှင့် လျှောက်လွှာပေးပို့ရမည့် အစီအစဉ်

၁။ အမည်–
အမျိုးသားမှတ်ပုံတင်အမှတ်–
၂။ အဖအမည်–
အမျိုးသားမှတ်ပုံတင်အမှတ်–
အလုပ်အကိုင်–
၃။ အမိအမည်–
အမျိုးသားမှတ်ပုံတင်အမှတ်–
အလုပ်အကိုင်–
၄။ မွေးနေ့သက္ကရာဇ်နှင့် အသက်
၅။ ပညာအရည်အချင်း–
ဘွဲ့၊ ဒီဂရီနှင့် အောင်မြင်ခဲ့သော ခုနှစ်၊ လ၊ ရက်–
၆။ လက်ရှိအလုပ်အကိုင်–
၇။ အမှုထမ်းဆောင်သည့်နေ့နှင့် အမှုထမ်းသက်–
၈။ အမှုထမ်းသက်အကျဉ်းချုပ်
၉။ ဆက်သွယ်ရန်လိပ်စာ–
၁၀။ လျှောက်ထားသူသည် အရည်အချင်းစစ် စာမေးပွဲဝင်ကြေး ၂၀၀ (ကျပ်နှစ်ရာတိတိ) ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာ ဦးစီးဌာနငွေစာရင်း အမှတ်–အမ်ဒီ/ ၀၀၄၄၉၆ သို့ ပေးသွင်းပြီး ချလန်မူရင်းတစ်စောင်ကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။
၁၁။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲတင်ပြရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်မှန်ကန်ကြောင်း ထောက်ခံစာမိတ္တူ
(ဂ) နောက်ဆုံး(၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
၁၂။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လမ်းစဉ်အတိုင်း လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာ မိတ္တူတစ်စောင်ကို ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာနထံ မပျက်မကွက် ကြိုတင်ပေးပို့ရမည်။
၁၃။ လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာနသို့ (၃၀–၄–၂၀၀၄)ရက်နေ့ (၁၆း၃၀)နာရီ နောက်ဆုံးထားပေးပို့ရမည်။
၁၄။ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံသည့် လျှောက်လွှာများ၊ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် ဌာနအကြီးအကဲများ၏ ထောက်ခံချက်/ မှတ်ချက်များ မပါရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ

၁။ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသူများသည် ၂၀၀၄ခုနှစ် မေလ ၁၈ ရက်နေ့တွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန် မြို့မကျောင်းလမ်းတွင် ဖြေဆိုရမည် ဖြစ်သည်။

စဉ်	ဘာသာရပ်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
(၁)	ကျွမ်းကျင်ဘာသာရပ် (ဓာတ်မှန်ပညာ)	(၀၉း၀၀)မှ(၁၁း၃၀) နာရီအထိ	MCQ
(၂)	အင်္ဂလိပ်စာဘာသာရပ်	(၁၄း၀၀)မှ(၁၆း၀၀) နာရီအထိ	

၂။ စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်လက်မှတ်နှင့် လိုအပ်သည့်အထောက်အထားမူရင်းတို့ကို တင်ပြရမည်။

မှတ်ချက်။

အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာနစိတ်၊ ဖုန်းနံပါတ် ၀၁–၂၄၂၈၅၅၊ ၀၁–၂၄၁၇၈၃၊ လိုင်းခွဲ ၁၃၆၊ ၁၃၅၊ ၁၅၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့
Fellowship of the Royal College of Anaesthetists(FRCA) သင်တန်းအတွက်
ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

ယူကေနိုင်ငံ တော်ဝင်ဆေးကောလိပ် Fellowship of the Royal College of Anaesthetists (FRCA) သင်တန်းအတွက် ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် အောက်ဖော်ပြပါသတ်မှတ် အရည်အချင်းများနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သောအရည်အချင်း

၁။ M.Med.Sc(Anaesthesia)ဘွဲ့ရရှိထားသူ၊ အစိုးရဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။
၂။ လျှောက်လွှာပိတ်သည့်နေ့တွင် အမှန်တကယ် အမှုထမ်းသက် အနည်းဆုံး (၂)နှစ် ရှိရမည်။ အမှုထမ်းသက် (၂)နှစ်တွင် အလုပ်သင်ဆရာဝန် လုပ်သက်နှင့် ခွင့်ရက်များမပါဝင်ပါ။
၃။ လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
၄။ ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အမှုထမ်းမည့်သူသာ ဖြစ်ရမည်။
၅။ ပြည်တွင်းဘွဲ့လွန် သင်တန်းတက်ရောက်နေသူများ လျှောက်ထားခွင့် မရှိပါ။

လျှောက်လွှာတွင် ဖော်ပြရမည့်အချက်အလက်များနှင့် လျှောက်လွှာပေးပို့ရမည့် အစီအစဉ်။

၁။ အမည်–
အမျိုးသားမှတ်ပုံတင်အမှတ်–
၂။ အဖအမည်–
အမျိုးသားမှတ်ပုံတင်အမှတ်–
အလုပ်အကိုင်–
၃။ အမိအမည်–
အမျိုးသားမှတ်ပုံတင်အမှတ်–
အလုပ်အကိုင်–
၄။ မွေးနေ့သက္ကရာဇ်နှင့် အသက်
၅။ ပညာအရည်အချင်း–
ဘွဲ့၊ ဒီဂရီနှင့် အောင်မြင်ခဲ့သော ခုနှစ်၊ လ၊ ရက်–
၆။ လက်ရှိအလုပ်အကိုင်–
၇။ အမှုထမ်းဆောင်သည့်နေ့နှင့် အမှုထမ်းသက်–
၈။ အမှုထမ်းသက်အကျဉ်းချုပ်
၉။ ဆက်သွယ်ရန်လိပ်စာ–
၁၀။ လျှောက်ထားသူသည် အရည်အချင်းစစ်စာမေးပွဲဝင်ကြေး ၂၀၀ (ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင် ဆေးသိပ္ပံပညာ ဦးစီးဌာနငွေစာရင်း အမှတ်–အမ်ဒီ/ ၀၀၄၄၉၆သို့ ပေးသွင်းပြီး ချလန်မူရင်းတစ်စောင်ကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။
၁၁။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲတင်ပြရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်မှန်ကန်ကြောင်း ထောက်ခံစာမိတ္တူ
(ဂ) နောက်ဆုံး(၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
၁၂။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လမ်းစဉ်အတိုင်း လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာ မိတ္တူတစ်စောင်ကို ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာနထံ မပျက်မကွက် ကြိုတင်ပေးပို့ရမည်။
၁၃။ လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာနသို့ (၃၀–၄–၂၀၀၄)ရက်နေ့ (၁၆း၃၀)နာရီ နောက်ဆုံးထားပေးပို့ရမည်။
၁၄။ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံသည့် လျှောက်လွှာများ၊ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် ဌာနအကြီးအကဲများ၏ ထောက်ခံချက်/ မှတ်ချက်များမပါရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ

၁။ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသူများသည် ၂၀၀၄ခုနှစ် မေလ ၁၈ ရက်နေ့တွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန် မြို့မကျောင်းလမ်းတွင် ဖြေဆိုရမည် ဖြစ်သည်။

စဉ်	ဘာသာရပ်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
(၁)	ကျွမ်းကျင်ဘာသာရပ် (မေ့ဆေးပညာ)	(၀၉း၀၀)မှ(၁၁း၃၀) နာရီအထိ	MCQ
(၂)	အင်္ဂလိပ်စာဘာသာရပ်	(၁၄း၀၀)မှ(၁၆း၀၀) နာရီအထိ	

၂။ စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်လက်မှတ်နှင့် လိုအပ်သည့်အထောက်အထားမူရင်းတို့ကို တင်ပြရမည်။

မှတ်ချက်။

အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာနစိတ် ဖုန်းနံပါတ် ၀၁–၂၄၂၈၅၅၊ ၀၁–၂၄၁၇၈၃၊ လိုင်းခွဲ ၁၃၆၊ ၁၃၅၊ ၁၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Track Loader (CAT-955k) စက်အရန်ပစ္စည်းများ	1 Lot
၂	တာယာအရွယ်(၃)မျိုး	၅၇၆ လုံး
၃	စက်ဆီ၊ ချောဆီ	1 Lot
၄	Wool Lead (ခဲမျှင်)	၂၀၀၀ ကီလိုဂရမ်
၅	ရေတွန်းစက်ကြီးများအတွက် စက်အရန်ပစ္စည်းများ	1 Lot
၆	ACSR ($95mm^2$) ကြိုး	၈.၅တန်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂–၄–၂၀၀၄ရက်နေ့ ၁၆း၀၀ နာရီအချိန်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ် ယူရောင်းချရေးဌာနစု ဖုန်း–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ ၂၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် မြေကွက်ရရှိထားသူများသိစေရန် ကြေညာချက်

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်တွင် မြေကွက်ချထားခြင်း ခံရသူများအနက် အချို့သည် မြေငှားဂရန်ထုတ်ယူပြီး၊ အချို့မှာ မြေငှားဂရန်ထုတ်ယူမှုမရှိသေးခြင်း၊ အချို့သည် ကျသင့်မြေခွန် ထမ်းဆောင်သော်လည်း အချို့မှာထမ်းဆောင်မှုမရှိခြင်း၊ အချို့သည် နေအိမ်ဆောက်လုပ် နေထိုင်သော်လည်း အချို့မှာ နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးခြင်း၊ မြေကွက်များ ပြုပြင်မှုမရှိခြင်းစသည်များရှိနေကြောင်း စိစစ်သိရှိရပါသည်။

အေးသာယာမြို့သစ် စတင်တည်ထောင်စဉ်က စည်ကားသိုက်မြိုက်လာစေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း အထက်ပါအချက်များကြောင့် စည်ကားသိုက်မြိုက်မှု နှောင့်နှေးလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

ယင်းမြေကွက်များတွင် နေအိမ်ဆောက်လုပ်ခြင်းမပြုပါက စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ၁၉၉၉ ခုနှစ် ဒီဇင်ဘာလက ကြေညာခဲ့ပြီး ဖြစ်ပါသည်။

မြေကွက်ရရှိထားသူများအနေဖြင့် ယခုသတင်းစာပါသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်သွယ်၍ နေအိမ်ဆောက် လုပ်မည့်အခြေအနေကို အသိပေးရန်ဖြစ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း မဆက်သွယ် ပါက ယင်းမြေကွက်များအား စာရင်းမှပယ်ဖျက်မည်ဖြစ်ကြောင်း ဒုတိယနှင့် နောက်ဆုံးအကြိမ် အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/နောက်ရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်း အမှတ် ၁၆၀/၁၆၂ နေ (ဦးပေတူး)–ဒေါ်မြမြတို့သမီးဖြစ်သူ အိရွှေစင် ၁၄/ဝခမ(နိုင်)၀၅၄၇၂၂ သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်မယူပါ။) လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်သန်းအေး (တရားရုံးချုပ်ရှေ့နေ)

ကြော်ငြာစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမ အထွေထွေမှုအမှတ်–၂၇

ကွယ်လွန်သူ ဦးအုန်းရွှေ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၈ ရပ်ကွက်၊ သဟာဆွေ ၁ လမ်း၊ အမှတ် ၂၅ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းရွှေ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်ချို အမှတ် ၁၀၀၈၊ ဝေသာလီလမ်း၊ ၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသည်ဖြစ်သဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆုတ် ၁ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းရွှေ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆုတ် ၁ ရက်) နေ့၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သောလျှောက်ထားသူ ဒေါ်ချို၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး(တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်းခြင်း

ဘိုကလေးမြို့နေ ဦးထွန်းထွန်းဦး၏ သမီးဖြစ်သူ မအေးသန့်စင် (အထက–၁)ဆဋ္ဌမတန်း(B) အား မအိမ့်ဟန်နီထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မအိမ့်ဟန်နီထွန်း။**

ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၃–၂၀၀၄နေ့ မြန်မာ့အလင်း သတင်းစာတွင် 80-KVA မီးစက်ရောင်းရန် ကြော်ငြာ ဖုန်းနံပါတ် 317771 အစား 371771 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးဆပ်ပါမည်

ဦးမြင့်ဇော်ဦး PRE–၁၃၂၅၄၃ ၏ ယာဉ်မောင်းလိုင်စင်နှင့် သဘော်သားကတ်သည် ၂၁–၃–၂၀၀၄ ရက်က သံသုမာလမ်းနှင့် လေးထောင့်ကန်လမ်း တစ်နေရာရာ၌ ကျပျောက်သွားပါသဖြင့်တွေ့ရှိက ပြန်လည်ပို့ပေးပါ။

မြင့်ဇော်ဦး
ဖုန်း–၅၁၀၇၂၆

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၂၈–အီး၁)၊ မြေကွက်အမှတ် (၉၉–အေ)၊ မြေအကျယ် ၀ ဒသမ ၀၃၄ ဧက၊ နှစ် ၆၀ ဂရန်မြေကွက်ပေါ်ရှိ အမှတ် ၄၃၊ မကြီးကြီးလမ်း စမ်းချောင်းမြို့နယ်ဟု ခေါ်တွင်သောနေရာ၌ မြေပိုင်ရှင် ဒေါ်သန်းထွေး (CG–၀၇၈၀၂၆)နှင့် ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာ ဦးခင်မောင်အေး (YGN–၀၀၄၆၄၅)တို့သည် တစ်ခန်းတွဲ ခုနစ်ထပ် ကန်ထရိုက်တိုက်သစ် တည်ဆောက်ရန် ၆–၁၂–၂၀၀၂ ရက်နေ့ကတည်းက စာချုပ်ချုပ်ဆို သဘောတူထားရာ အိမ်ပုံစံခွင့်ပြုမိန့် ရရှိတော့မည်ဖြစ်၍ တိုက်သစ်စတင် တည်ဆောက်တော့မည်ဖြစ်ပါသည်။ မြေပိုင်ဆိုင်မှု အမွေဆိုင်နှင့် တစ်စုံတစ်ရာ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူ မည်သူမဆို ၇ ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးလှမြင့်(ဒဂုံ)
စဉ်–၉၀၁၂
ဥပဒေအကျိုးဆောင်
အမှတ် ၇၂၊ ၅ လွှာ၊
စမ်းချောင်းလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၅၃၄၃၆၉

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ အေးအောင်ခင် ၉/မရမ(နိုင်) ၀၂၄၅၉၁ သည် မိခင်ကြီးအား စိတ်ဆင်းရဲမှုများ အကြိမ်ကြိမ် ပြုလုပ်ပါ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

(နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်မယူနိုင်ပါ။)

ဒေါ်ခင်မကြီး
၉/မရမ(နိုင်)၀၂၄၅၈၈

ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၃–၀၄ နေ့ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၈)တွင် ပါရှိသော အများသိစေရန် ကြေညာချက် (ဒေါ်ကျင်မန်းကျင်) ကြော်ငြာတွင် ဦးဂျာလ်ဇာကပ်အစား ဦးဗျာလ်ဇာကပ်နှင့် ၂၀၀၃အစား ၂၀၀၀ပြည့်နှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရောင်းရန်

မြေ ၂၅'X၅၀' ပေါ်ရှိ ၃ ထပ်တိုက် ရေမီးစုံရောင်းမည်။

ဖုန်း–၅၁၁၅၄၆၊ ၅၄၉၀၄
၀၉ ၅၀–၁၈၅၁၅

အမွေပြတ်ကြေညာခြင်း

သားဖြစ်သူ မောင်စိုးမင်း ၇/လမတ(နိုင်) ၀၁၄၂၂၂ သည် မိဘ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

အဖ ဦးသောင်းခင်
အမိ ဒေါ်မြသောင်း
(လက်ပံတန်း)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ မြန်မာ့လေကြောင်းပိုင် ပြည်လမ်း ခုနစ်မိုင်ရှိ အမှတ်(၁၀) ရိပ်သာအတွင်းမှ ရေစင်၊ ရေတိုင်ကီများကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါက ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၃၁-၃-၂၀၀၄ (၁၂:၀၀)နာရီ

ချိပ်ပိတ်တင်ဒါ ဖွင့်ရက်နှင့်အချိန် – ၃၁-၃-၂၀၀၄ (၁၄:၀၀)နာရီ

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ မြန်မာ့လေကြောင်း (ရုံးချုပ်)၊ အုပ်ချုပ်ရေးဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့လေကြောင်း

သာစုကန်ခုနှစ်ရက်ဒုလ္လဘစခန်း

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၊ သာစုကန်ကျေးရွာ ရွာဦးကျောင်းတိုက်တွင် ကျောက်ဆင်တောရမှ ပဓက္ကူဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဧပြီ ၁၀ ရက်(စနေနေ့)မှ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့အထိ ခုနစ်ရက် ဒုလ္လဘရဟန်းဝတ်ကြပါမည်။ နေ့စဉ်ဆွမ်းခံကြွနိုင်သူ၊ ဝိနည်းတော်များကိုလိုက်နာနိုင်သူ၊ ကမ္မဋ္ဌာန်းတရားကိုအချိန်ပြည့် အားထုတ်ရန် သန္နိဋ္ဌာန်ချထားသူ၊ ကျန်းမာရေးနှင့်ပြည့်စုံပြီး၊ ဒုလ္လဘဝတ်နေစဉ်၊ ကွမ်း၊ ဆေး၊ ဆေးလိပ်၊ အရက်တို့ကိုလုံးဝဖြတ်ထားနိုင်သူများကိုဖိတ်ခေါ်ပါသည်။ လိုက်နာနိုင်သူများသည် ဦးမြင့်ကြွယ် ရုံးဖုန်း–၂၅၂၄၁၇၊ ၂၅၄၁၇၃၊ အိမ်ဖုန်း–၅၃၆၇၅၃၊ ဦးစိုးမြင့် အိမ်ဖုန်း–၆၆၃၈၆၅ တို့နှင့် ဆက်သွယ်ပြီး ဧပြီလ ၁၀ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီအရောက် သာစုကန် ကျောင်းတိုက်သို့ လာရောက်ကြပါ။ မှတ်တမ်းအလို့ငှာ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံတို့ကို မပျက်မကွက်ယူဆောင်လာကြရန်ဖြစ်သည်။

သာစုကန်ဒုလ္လဘစခန်းဖြစ်မြောက်ရေးအဖွဲ့(ယာယီ)

ပန်တျာနှင့်ပန်းချီပန်းပုကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ပန်တျာကျောင်းများနှင့် ပန်းချီပန်းပုကျောင်းများတွင် သင်ကြားပို့ချသည့် အဆို၊ အက၊ အတီး၊ အမှုတ်(၃)နှစ်သင်တန်းများနှင့် ပန်းချီပန်းပု (၃)နှစ်သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပန်တျာနှင့် ပန်းချီပန်းပုကျောင်းများသို့ လျှောက်ထားသူများသည် ပညာအရည်အချင်း အနည်းဆုံးအခြေခံပညာ အလယ်တန်း(အဋ္ဌမတန်း) အောင်မြင်ပြီးသူများဖြစ်ရပါမည်။ (အနုပညာ အခြေခံအရည်အသွေးကောင်းမွန်သူများအတွက် ပညာအရည်အချင်း ကန့်သတ်ချက်ကိုလျှော့ပေါ့ စဉ်းစားပေးမည်။) အသေးစိတ်အရည်အချင်းသတ်မှတ်ချက်နှင့် လျှောက်လွှာပုံစံများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ သက်ဆိုင်ရာပန်တျာနှင့် ပန်းချီပန်းပုကျောင်း၊ ကျောင်းအုပ်များထံတွင် စုံစမ်းရယူနိုင်ပါသည်။

၃။ ရွေးချယ်ခံရသူများသည် တစ်လလျှင်ထောက်ပံ့ကြေး ၃၀၀ ကျပ်တိတိ (ကျပ်သုံးရာတိတိ) ရရှိမည်။

၄။ လျှောက်ထားသူများသည် ညွှန်ကြားရေးမှူး၊ သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲ၊ အနုပညာဦးစီးဌာန၊ အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ မတိုင်မီပေးပို့ရမည်။

ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန





ကား ရောင်းရန်	Toyota Vista '93 .MODEL (Auto-Diesel) ၈က/------- 272˚Lakh's ဖုန်း–၀၉–၅၀၀၇၆၄၇ (ရုံးချိန်တွင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး
ချိပ်ပိတ်တင်ဒါ Sealed Tender များခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	ကဇ (၃–၀၄)	ကော်ဇောလိပ်(အနီ)	ခုနစ်လိပ်
၂	ခခ (၃–၀၄)	ခန်းစီးလိုက်ကာများ	ငါးထုပ်

တင်ဒါပိတ်ရက်နှင့်အချိန် – ၂-၄-၂၀၀၄(သောကြာနေ့) ၁၆:၀၀ နာရီ

တင်ဒါဖောက်မည့်ရက်နှင့် အချိန် – ၅-၄-၂၀၀၄(တနင်္လာနေ့) ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၅-၃-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
အုတ်ပုံဆိပ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီအနီး
မီးသတ်ဝန်း၊ ဖုန်း–၆၆၄၃၅၄

ယာဉ်အမှတ်ည/၃၄၇ မှတ်ပုံတင် လျှောက်ထားခြင်းကိစ္စ

ယာဉ်အမှတ်ည/၃၄၇ အမျိုးအမည် ဒတ်ဆန်း ၁၅၀၀ အမျိုးအစားပစ်ကပ် (၄x၂) ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း နိုင်ငံသားစိစစ်ရေးကတ် ၇/သကန(နိုင်)၀၇၅၇၅၅ မှ မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊ အင်းစိန်။**

အများသိစေရန်

အထွေထွေကိုယ်စားလှယ် လွှဲစာ အမှတ် မှတ်ပုံတင်အမှတ်(၅၃၆၇) နေ့စွဲ ၂၉-၈-၂၀၀၃ရက်ဖြင့် ဒေါ်စန္ဒာလှိုင် ၁၂/မဂဒ(နိုင်)၀၈၃၅၀၄၊ အမှတ် ၂၉၊ ယုဇနလမ်း၊ ကြခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်အား လွှဲအပ်ထားခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ **ဒေါ်ရီရီခင်** **၁၂/စခန(နိုင်)၀၅၅၁၂၂**

Mamba's Computer Group Traning & Languages

Mamba's Computer Group မှအသုံးချကွန်ပျူတာသင်တန်းများနှင့် အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးစကားပြောသင်တန်းများ

နွေရာသီအတွင်း အထူးသင်တန်း

လုပ်ငန်းခွင်ကျွမ်းကျင်မှုစကားပြောနှင့်အထွေထွေဗဟုသုတသင်တန်း

Center I ၅၄/၅၆ အခန်း (၁) မြေညီထပ် ၄၃လမ်းအောက်ဘလောက် ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၀၁၀၆၀

Center II တိုက်အမှတ် ၂၆/၁ အခန်း ၂၀၂၊ ဒုတိယထပ်၊ သုမင်္ဂလာအိမ်ရာ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း–၅၆၁၉၇၇

ဒေါ်တင်မေ(ခ)ဒေါ်တင်အောင်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(၁၆/၂)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၂၅၀ နေ (ဦးပု-ဒေါ်ဖွားချုပ်)တို့၏သမီး၊ (ဦးတင်ရွှေ)၏ဇနီး၊ ဦးတိုးလှိုင်-ဒေါ်တင်တင်မွှေး၊ ဦးဝင်းအောင်-ဒေါ်ခင်သန်းတင့်၊ ဦးသိန်းထိုက်(Sea Green Co., Ltd.)-ဒေါ်သန်းသန်းရီ(မြန်မာ့ဆိပ်ကမ်း)၊ ဦးလှသောင်း(Sea Green Co., Ltd.)-ဒေါ်ခင်သန်းမော်တို့၏မိခင်၊ မစန်းထိုက်ဝင်း (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်)၊ မောင်သော်ဇင်နိုင်၊ မစုစုလှိုင်၊ မနှင်းခိုင်ဝင်း၊ မဝတ်မှုံသင်း၊ မောင်ကြည်စိုးသိုက်၊ မောင်ဇေယျာထွန်း၊ မခင်သန်းဝင်းတို့၏အဘွားသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်လှိုင်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၉၂၊ ပန်းဆိုးတန်းနေ (ဦးမြလှိုင်-ဒေါ်ခင်ညွန့်)တို့၏သမီးကြီး၊ (ဦးကျော်)၏ဇနီး၊ ဦးခင်မောင်လှိုင်၊ ဒေါ်မြနွယ်၊ ဒေါ်ကြည်ကြည်သန်း၊ ဗိုလ်မှူးတင်ထွဋ်(ငြိမ်း)-ဒေါ်တင်အေးခိုင် (အထက-၂ လသာ၊ ငြိမ်း)၊ ရဲမှူးကြီးဦးအောင်ခိုင်(ငြိမ်း)-ဒေါ်စန်းမြိုင်၊ (ဦးတင်အောင်)-ဒေါ်အေးလှိုင်၊ ဦးအောင်ဖေ-ဒေါ်ခင်ဝင်းလှိုင်၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ခင်ဆွေလှိုင်တို့၏အစ်မကြီးသည် ၂၃-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးရွှေဝင်း
(ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့)
အသက်(၆၇)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ် ၄၃၃ နေ (ဦးမိုးယု-ဒေါ်ကျန်းယုရွှေ)တို့၏သား၊ ဦးတုံစိမ်းချန်-(ဒေါ်ညွန့်)တို့၏ သားသမက်၊ ဒေါ်ပေါက်တီ(ခ)ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ကိုကျော်ထင်စိုး-မခင်ခင်ကြည်၊ ကိုအားမြင့်-မအားကျန်း၊ မရီကျန်း(ခ)လှလှဝင်း၊မမီးမေ(ခ)ထွေးထွေးဝင်း၊မောင်မီးတီ(ခ)ဇော်မင်းထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဟာဂျီဦးမောင်မောင်
(ဖောင်တော်သီ)
အသက်(၆၄)နှစ်

ပဲခူးတိုင်း၊ ဖောင်တော်သီမြို့၊ ဘူတာရုံလမ်းနေ (ဦးရာကူး-ဒေါ်မိုင်မွန်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ် ၃၈ နေ ဒေါ်သန်းသန်းမော်၏ခင်ပွန်း၊ ဦးကျော်ငြိမ်း (ဖောင်တော်သီ၊ တရားရုံးချုပ်ရှေ့နေ)၊ ကိုကျော်ဝင်း-မတင်တင်ရီ၊ ကိုညီညီအောင်၊ ကိုယဉ်ထွေး-မသီတာညွန့်၊ မဖြူဖြူလှိုင်တို့၏အစ်ကိုကြီး၊ ကိုဇော်လင်း၊ မမိမိဇင်၊ မဇာဇာမော်၊ ကိုဇေယျာမောင်-မသီတာတို့၏ ဖခင်သည် ၂၄-၃-၂၀၀၄ရက် နံနက် ၉ နာရီတွင် အမှတ် ၃၈၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့နေအိမ်၌ အလ္လာရင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စရ်ိနမာဇ်အပြီး ရွှေဘုံသာလမ်း၊ မိုးကျဗလီကြီးတွင် ဂျနာဇတ်ဝတ်ပြု၍ ရေဝေး ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးဝင်းမောင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန
အသက်(၆၄)နှစ်

ရေစကြိုမြို့၊ ရွာဖိုးရပ်နေ(ဦးဘမော်-ဒေါ်စိန်)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဦးစောလှိုင်-ဒေါ်အမာ၊ (ဦးညွန့်လှိုင်)-ဒေါ်ငြိမ်းလှတို့၏ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်အိတင်၊ ဦးဟန်ပ-ဒေါ်ကြည်စိုး၊ ဦးတိုး-ဒေါ်ကြည်မျိုး၊ ဦးမျိုးမြင့်-ဒေါ်လှရင်တို့၏အစ်ကို၊အမှတ် ၈၈(အေ)၊ ၆ လမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေ (ဒေါ်ခင်ငွေစိုး)၏ခင်ပွန်း၊ ဒေါ်စန္ဒာဝင်း၊ ဦးစဝင်းထွဋ်-ဒေါ်နီလာဝင်း၊ ဦးသူရဝင်း-ဒေါ်သူဇာမိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းတင်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၀၊ C-5၊ ရွှေတောင်ကြား(၁)လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးစွမ်းတင် - ဒေါ်ကြင်ဥ)တို့၏ ဒုတိယသမီး၊ ဦးဝင်းစိန်-ဒေါ်စန်းစန်းကြူ၊ ဒေါ်ဝင်းကြည်၊ ဒေါ်စန်းဝေ၊ ဦးလှဝင်း-မမေဗုား၊ မသန္တာဝင်း၊ (မစပယ်ဝင်း)၊ မဖြိုးပပ၊ မဝင်းမာလှိုင်၊ မနှင်းပွင့်လှိုင်၊ မောင်ညီညီထွေး၊ မလှမျိုးစု၊ မဖြူနှင်းသော်၊ မောင်အောင်ကိုသက်၊ မအေးအေးခိုင်၊ မောင်သာထက်၊ မအေးအေးအောင်၊ မောင်ဝေဠု၊ မောင်မိုးဟိန်းတို့၏အဒေါ်သည် ၂၄-၃-၂၀၀၄ရက် နံနက် ၉:၅၅ နာရီတွင် SSC ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မနီနီဝင်း(ခ)မစိုးစိုး
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊တာဝါဝင်း၊ အမှတ် ၁၀၁ (ပထမထပ်)နေ ဦးတင်သိန်း၏မြေး၊ ဦးမောင်မောင်ဝင်း-ဒေါ်အိအိထွေးတို့၏ တူမ၊ သုခမြိုင် ၃ လမ်း၊ တိုက်ကြီးမြို့နေ ဦးတင်အောင်ထွန်း - (ဒေါ်သန်းသန်းအေး)တို့၏တူမ၊ မစမ်းစမ်းအေး-ကိုမောင်ကျော်၊ ကိုအောင်ကျော်မြင့်-မချိုတို့၏ညီမ၊ ကိုဇော်ဝင်း-မမိုးဝါ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းနေ မယမင်း၏အစ်မ၊ တိုက်ကြီးမြို့၊ သုခမြိုင် ၃ လမ်းနေ ဦးအောင်ရှိန်-ဒေါ်ဖွားအေးတို့၏သမီးသည် ၂၃-၃-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်သည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်နိုင်(ခ)
ကိုကျော်နိုင်(ခ)ကိုဂျော်နီ
LL.B
စိန့်ဂျွန်းကျောင်းသားဟောင်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊အမှတ် ၁၁၄/၁၁၈ နေ (ဦးချစ်ထွန်း-ဒေါ်မြသန်း)တို့၏ သား၊ (ဦးစိုး-ဒေါ်စိန်ကျင်)တို့၏ သားသမက်၊ ဒေါ်ခင်စိန်၏တူ၊ (ကိုဝင်းနိုင်)-မမြင့်မြင့်ဆွေတို့၏ညီ/မောင်၊ ကိုဇော်လေးထွန်း-မကြူကြူဆွေတို့၏အစ်ကို၊ ဒေါက်တာမောင်မောင်ဦး-ဒေါ်အေးအေးမူ၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမူ(အရဏ်ဦးကွန်ပျူတာ၊ လှူစွလမ်း)တို့၏ညီ/မောင်၊ မအိဆွေမွန်(အထက-၃၊ ဒဂုံ)၊ မောင်အောင်ဟိန်းထွန်း (TTC၊ ကမာရွတ်)တို့၏ဦးလေး၊ မောင်ဟိန်းထက်အောင် (အထက-၃၊ ဒဂုံ)၊ မဆုသက်အောင် (အထက-၃၊ ဒဂုံ)တို့၏ဖခင်၊ မတင်တင်အေး၏ခင်ပွန်းသည် ၂၄-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းနွဲ့
(မြန်အောင်)
အသက်(၈၅)နှစ်

မြန်အောင်မြို့(ဦးကျော်ဖေ-ဒေါ်သန်းခင်)တို့၏သမီး၊ မြောင်းမြမြို့ (ဦးကျင်ပု-ဒေါ်ချစ်တင်)တို့၏ သမီးချွေးမ၊ (ဦးသိန်းလွင်)၏ဇနီး၊ ဦးအေးကို-ဒေါ်ညွန့်ညွန့်၊ ဦးသောင်းထွဋ်-ဒေါ်ညွန့်ညွန့်၊ ဦးအေးကိုကို-ဒေါ်ခင်စန်းရီ၊ ဦးအေးချိုချို-ဒေါ်ခင်ဖြူမြင့်တို့၏ အစ်မကြီး၊ တပ်ကြပ်ကြီးစိုးလှိုင်(တပ်မတော်-ရေ)-ဒေါ်ငွေငွေရီ၊ တပ်ကြပ်ကြီးစိုးနိုင်(တပ်မတော်-ရေ)-ဒေါ်အေးအေးဝင်း၊ ဦးမြင့်လွင်-ဒေါ်မွှေးမွှေးလွင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၄၅ နာရီတွင် အခန်းအမှတ် ၃၀၄၊ တိုက် D-2၊ ခြံအမှတ် ၂၄၇/၂၄၉၊ Delta Plaza၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသောင်း
သ/မဦးစီးဌာန(ငြိမ်း)
အသက်(၇၁)နှစ်

အမှတ် ၈၁(က+ခ)၊ ရေကူးလမ်း၊ ၁၉(က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့နေ ဒေါ်အုန်းရင်၏ခင်ပွန်း၊ ဦးစိန်ငွေး(လမ်းအထူးအဖွဲ့-၁၀)၊ ဒေါ်မြင့်မြင့်မောင်၊ (ဦးငွေငွေး)၊ ဦးသောင်းငွေး - ဒေါ်သက်သက်ခိုင်၊ ဦးကျော်ငွေး-ဒေါ်မီးမီး၊ ဦးအောင်မြင့်ငွေး-ဒေါ်ကြည်ကြည်စန်း၊ ဦးမင်းဇော်ငွေး-ဒေါ်ခင်ရွှေရည်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကွယ်လွန်ပါသဖြင့် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကြာနီကန်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်မြင့်(ခ)ဒေါ်စန်းမြင့်
(မြောင်းမြ ထမင်းဆိုင်)
အသက်(၆၆)နှစ်

မြောင်းမြမြို့နေ (ဦးစံလှ-ဒေါ်ခင်ကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၇၀၈ နေ ဦးကျော်(မြို့နယ်မန်နေဂျာ၊ပုလဲနှင့်ငါး-ငြိမ်း)၏ဇနီး၊ ဒုအရာခံဗိုလ် သိန်းထွန်း (လေ၊ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ ဒုအရာခံဗိုလ် အေးသွင်-ဒေါ်ကြူကြူရှင်၊ဗိုလ်ကြီးစိုးမြင့်(ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ဘုန်းနွယ်၊ ဦးသိန်းအောင်(ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ခင်သန်းနွယ်၊ ဦးတင်အောင်မျိုး-ဒေါ်ခင်ငွေးဦး၊ ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်၊ ဦးဆန်နီ-ဒေါ်သန်းထွေးတို့၏အစ်မကြီး၊ ဦးဘုန်းကျော်ဦး-ဒေါ်ခင်လဲ့မူ၊ မမြမြအေး၊ ဦးစိုးနိုင်-ဒေါ်ဖြူဖြူခိုင်၊ ဦးကျော်ကျော်မိုး(F.M.I City)-ဒေါ်ခင်မိုးနွယ်၊ မရိုစီလွင်တို့၏မိခင်၊ တူ တူမ ၂၀ ယောက်၊ မြေး လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်းကို (အတာ)
အသက်(၄၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊(၉)ရပ်ကွက်၊ သူရ ၆ လမ်း၊ အမှတ် ၁၈၃ နေ ဦးအေးကို (မြို့နယ် စာရင်းစစ်အရာရှိ၊ ငြိမ်း) - ဒေါ်သန်းသန်းနွဲ့ (ကျောင်းဆရာမ၊ငြိမ်း)တို့၏သားကြီး၊ မအူပင်မြို့၊ တာကောက်နေ ဦးထွန်းတင်-ဒေါ်အုံးရှင်တို့၏သားသမက်၊ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးကြည်ရင်-ဒေါ်သိန်းတင်၊ ဦးကြည်ဝင်း-ဒေါ်သုန်၊ ဦးကြည်သန့်-ဒေါ်မာမာအေးတို့၏ညီ၊ ဒေါ်ဆင့်၊ ဒေါ်တင့်၊ ဦးကြည်သိန်း-ဒေါ်ခင်အေးတို့၏အစ်ကို၊ မောင်ကိုကိုကျော်ဇော (အထက-၂၊ တ/ဥ)၊ မဝတ်မှုန် (အလက-၃၊ တ/ဥ)တို့၏ဖခင်၊ မောင်သန်းထွေး-မမော်လီတို့၏ဘကြီးသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
ရေစက်အလှူဒါယကာ
ရွှေပန်းထိမ်ဆရာကြီး
ဦးအောင်သိန်း (ဥက္ကံ)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဂါတ်သစ်လမ်း၊ အမှတ် ၂၀၀ နေ (ဦးဖိုးသန့်-ဒေါ်မယ်တင့်)တို့၏ သား၊ (ဦးထွန်းတင်-ဒေါ်စော)တို့၏ သားသမက်၊ဒေါ်ကြည်၏ခင်ပွန်း၊ ဦးငွေးလွင်-ဒေါ်အေးအေးမင်း၊ ဦးမြင့်စိုး-ဒေါ်လှအေးတို့၏ဖခင်၊ မောင်အောင်ဇေယျာဟိန်း၊ မောင်စည်သူဟိန်း၊ မခင်နှင်းထက်တို့၏အဘိုးသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ဥက္ကံမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးညွန့်ရှိန်(ခ)ဦးငြိမ်း
ရုံးအုပ်စာရေးကြီး(ငြိမ်း)
ရေနံထုတ်လုပ်ရေးဌာန
မြန်မာ့ရေနံနှင့်သဘာဝ
ဓာတ်ငွေ့လုပ်ငန်း
ချောက်မြို့
အသက်(၇၂)နှစ်

ချောက်မြို့၊ ချောက်ရွာမရပ်နေ (ဦးဘိုးရင်-ဒေါ်စု)တို့၏ သားထွေး၊ (ဦးရှိန်)-ဒေါ်မိုးတို့၏မောင်၊ ဦးလိမ္မော်-ဒေါ်ခင်စီတို့၏ညီ၊(ဒေါ်ရင်မြ)၏ခင်ပွန်း၊ ဦးမောင်မောင်ကြည်-ဒေါ်နီနီရှိန်၊ ဦးအာယု-ဒေါ်စုစုခင်၊ ဦးမိုးစန်း-ဒေါ်တင်တင်ခိုင်၊ ဦးရဲထွဋ်-ဒေါ်သီသီရှိန်၊ ဦးယုရှိန်-ဒေါ်စန်းစန်းဦး၊ ဦးညီညီလွင်-ဒေါ်အိအိရှိန်တို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏ အဘိုးသည် ၁၂-၃-၂၀၀၄ရက် ည ၈:၄၅ နာရီတွင် ချောက်မြို့ ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေအိုးစင်သုသာန်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းတင်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၀၊ C-5၊ ရွှေတောင်ကြား(၁)လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးစွမ်းတင် - ဒေါ်ကြင်ဥ)တို့၏ သမီး၊ [ဦးကောင်းစိန်(ခ)ကျော်ပုကေ]၏ဇနီး၊ (ဦးအိကြောင်)-ဒေါ်စန်းတီတို့၏ညီမ၊ ဦးသောင်း-ဒေါ်အင်ဟို၊ (ဦးဝင်းလှိုင်-ဒေါ်ကြူကြူ)၊ ဒေါ်စန်းရီ (နှင်းပုလဲ ညောင်ပင်လေးဈေး)၊ ဦးဝင်းမြင့်(နေလသောက်ရေသန့်)-ဒေါ်က်တာခင်မီမီသက်၊ ဦးဝင်းထိန်-ဒေါ်မိုးမိုးခိုင်တို့၏ အစ်မကြီး၊ မသီတာ - Mr. Jackson၊ မသွယ်သွယ်-Mr. Choon Seng၊ မောင်အောင်နိုင်ဝင်း-မနန်းကြွယ်၊ မခိုင်မေလတ်-မောင်စိုးလင်း၊ မောင်ငွေစိုးဇင်တို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၂၄-၃-၂၀၀၄ရက် နံနက် ၉:၅၅နာရီတွင် SSC ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဒေးဗစ်ဂေါ်လူ
အထက-၅(ငြိမ်း)
(မြစ်ကြီးနား)
အသက်(၅၆)နှစ်

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်နေ(ဦးဂေါ်လူဂမ်-ဒေါ်အုန်းချယ်)တို့၏ ဒုတိယသား၊ ဒေါ်ဖော်ယမ်ဘောက်(အငြိမ်းစားကျောင်းဆရာမ)၏ခင်ပွန်း၊ ဒေါ်ဆိုင်းတောင်-ဦးအောင်ဟိန်းခွန်၊ မဆိုင်းရာ၊ မဆိုင်းမိုင်၊ မဂျာဆိုင်းအောင်တို့၏ဖခင်၊ ဦးထွန်းရွှေ(ပြည်နယ်ငါးဦးစီးမှူး၊ ငြိမ်း)-ဒေါ်ကိုင်လိန်တို့၏ညီ၊ ဒေါ်ဂေါ်လူကော့မိုင်-ဦးအောင်နိုင်၊ ဦးပီတာဂေါ်လူ၊ ဦးဂေါ်လူတူးထန်-ဒေါ်ခေါန်ရာ၊ဒေါ်ဂေါ်လူဂျာအောင်-ဦးအောင်တင်(ကျောက်စိမ်းတူးဖော်ရေးဌာန)တို့၏အစ်ကို၊ ဦးဘရန်တောင်-ဒေါ်ဂျာဘန် (ပါမောက္ခ၊ ဒုသဿနိက)၊ ဦးလတ်အောင်(အငြိမ်းစားရှေ့နေ)-ဒေါ်အားလိန်၊ ဒေါ်ခေါန်ဂျာ၊ ဒေါ်ဂျီးရှုယ်တို့၏ခဲအိုသည် ၂၃-၃-၂၀၀၄ရက် နံနက် ၅:၃၀ နာရီတွင် သုခကမ္ဘာဆေးခန်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၃-၂၀၀၄ ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်းရှိ ယုဒသဿန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်တွင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
ဇရပ်ဒါယကာကြီး
ဦးတင်လှ(ခ)ဦးစံလှ
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် ၃၇ နေ (ဦးပန်းခိုင်-ဒေါ်ကျော့)တို့၏သားကြီး၊ဒေါ်မိမိ၏ခင်ပွန်း၊(ဦးတင်ထွန်း)-ဒေါ်တင်ဝင်းသွယ်၊ ဦးအောင်ထူး-ဒေါ်သန်းသန်းငွေး၊ ဒေါ်ခင်ခင်ဝေ(ခ)ဒေါ်ဝေဝေ၊ ဦးငြိမ်းထွန်း-ဒေါ်လှလှဝေ၊ ဦးအောင်မိုး-မစုစုထွေးတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ရက် နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန့်
(သံတွဲမြို့၊ ကင်းမော်)
ရုံးအုပ် B.A (Hist:)
အမှတ်(၁)၊သတ္တုတွင်းလုပ်ငန်း
အသက်(၅၉)နှစ်

သံတွဲမြို့၊ ကင်းမော်ရွာနေ ဦးအေးလှ-(ဒေါ်နှင်းလှဖြူ)တို့၏ သမီး၊ (ဦးအောင်သိန်းတင်)-ဒေါ်ယဉ်တင့်၊ ဒေါ်ခင် (ဆရာမ၊ ငြိမ်း)၊ ဦးကျော်သိန်း-ဒေါ်ညွန့်ရီတို့၏ညီမ၊ ဦးကျော်သန့်(မြန်မာမန်းကုမ္ပဏီ)-ဒေါ်အေးသန်း(မြန်မာ့ပုလဲ)၊ဒေါ်နော်အယ်ဖော (ဗဟိုဘဏ်)၊ ဒေါ်ခင်ထွေးရီ(အထက၊ ကင်းမော်)တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ရီ (M.P.F)၏အဒေါ်သည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ရန်ကင်းမြို့နယ်၊တိုက် ၁၊ အခန်း ၅၊ ဗဟိုဘဏ်ရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၀၄ ရက်(ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်းကို (အတာ)
အသက်(၄၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊(၉)ရပ်ကွက်၊ သူရ ၆လမ်း၊ အမှတ် ၁၈၃နေ ဒေါ်စိန်နု၊ ရွှေပြည်သာမြို့နေ ဦးသန်းတို့၏မြေး၊ ဦးအေးကို (မြို့နယ်စာရင်းစစ်အရာရှိ၊ ငြိမ်း) - ဒေါ်သန်းသန်းနွဲ့ (ကျောင်းဆရာမ၊ ငြိမ်း)တို့၏သားကြီး၊ မအူပင်မြို့နေ ဦးထွန်းတင်-ဒေါ်အုံးရှင်တို့၏ သားသမက်၊ဒေါ်စုစုဝင်းကို(မြို့နယ်ပညာရေးမှူးရုံး၊ဗိုလ်တထောင်)၊ဦးသက်ဝင်းကိုတို့၏အစ်ကိုကြီး၊ဒေါ်သန်းမြင့်၏ခင်ပွန်း၊ မောင်ကိုကိုကျော်ဇော (အထက-၂၊ တ/ဥ)၊ မဝတ်မှုန်(အလက-၃၊တ/ဥ)တို့၏ဖခင်၊ ဗိုလ်လောင်းကိုကိုကျော်စွာ (နောက်ဆုံးနှစ်၊ D.S.T.A)၊ မောင်ပြည့်ဖြိုးသက် (မသန်စွမ်းသက်ငယ်သင်တန်းကျောင်း)တို့၏ ဘကြီးသည် ၂၄-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်ထွန်းထွန်း(ခ)
မောင်ထွန်းနိုင်ဦး
အသက်(၃၈)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နေ ဦးရွှေကြီး-ဒေါ်စန်း၊ ဒေါ်ခင်ဝေ၊ ဦးကျော်သောင်း-ဒေါ်ကြင်ဟန်၊ (ဦးကျင်ယုံ)-ဒေါ်ရွှေ၊ ဦးသောင်းအေး-ဒေါ်မမကြီးတို့၏မြေး/တူ၊ ထောက်ကြန့်၊ တိုးချဲ့(၃)ရပ်ကွက်နေ(ဦးဝင်းနိုင်)-ဒေါ်သန်းနွဲ့တို့၏ညီ/မောင်၊ ဘိုကလေးမြို့၊ (၄)ရပ်ကွက်နေ ဦးခင်မောင်-ဒေါ်ဥမေတို့၏သားသမက်၊ ထောက်ကြန့်၊ တိုးချဲ့(၃)ရပ်ကွက်၊ ဗိုလ်တေဇလမ်းနေ ဦးဝင်းသိန်း(ရွှေအိမ်စံ စားသောက်ဆိုင်)-ဒေါ်ညွန့်ညွန့်တို့၏သား၊ မညိုညို၏ခင်ပွန်းသည် ၂၃-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မူလကသစ်ဝိုင်ဆရာတော်
ဘဒ္ဒန္တ လက္ခဏ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အဗျားကြီးကျေးရွာ၊ မူလကသစ်ဝိုင် ဓမ္မရိပ်သာကြီးတွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တလက္ခဏသည် ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၂ ရက် (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၁၂ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ သံဃာတော်၊ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

မူလကသစ်ဝိုင်ဈာပနကျင်းပရေးကော်မတီ
သံဃာတော်များနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဗိုလ်မှူးဘစန်း
(အငြိမ်းစား)
ဗိုလ်သင်တန်းအပတ်စဉ်(၇)
အသက်(၈၀)

(ဦးနီ-ဒေါ်အုန်းစိန်)တို့၏ သား၊ (ကျောင်းဒကာသုန်-ဒေါ်စောခင်)တို့၏ သားသမက်၊ (ဒေါ်တင်တင်ရီ) ဒေါ်အေးအေးမြတို့၏ခင်ပွန်း၊ (ဦးဘဂျမ်း-ဒေါ်သန်းခင်)တို့၏ညီ၊ ဦးလှမြင့်-ဒေါ်တင်အေးတို့၏အစ်ကို၊ အမှတ် C-၇၊ စံပယ်ခြံ ၁ လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ ဗိုလ်မှူးကြီးမင်းသွင်(ငြိမ်း)-ဒေါ်မျိုးသီတာ(ခ)သဇင်၊ ဦးအုန်းမြင့် (BSN Hanseatic Shipping Co., Ltd.)-ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းရှိန် - ဒေါ်ခင်စန်းမြင့် (ခ) Sheila (Bayer Crop Science AG)၊ ဗိုလ်ကြီးမြင့်သိန်း (ငြိမ်း)-ဒေါ်နန်းပြုံးတို့၏ဖခင်သည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့်
တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)
(F.E.R.D)
အသက်(၈၀)

ရန်ကုန်မြို့နေ(ဦးအုန်းခိုင်-ဒေါ်ကြင်မေ)တို့၏သမီး၊ (လေယာဉ်မှူးကြီး ဦးသီဟကျော်သူ)-ဒေါက်တာဒေါ်မြစန်းအေး၊ ဦးဝဏ္ဏစည်သူ-ဒေါ်မာလာထွန်း၊ ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး-ဒေါ်ခင်စောဥမ္မာ၊ဦးနန္ဒကျော်စွာ-ဒေါက်တာဒေါ်မြင့်ငွေး၊ ဦးအောင်ယုလှိုင်-ဒေါ်ခင်သန်းရှု၊ ဦးတင်ကျော်သန်း - ဒေါ်စီစီဆိုင်၊ ဒေါက်တာလှမြင့်ထွန်း-ဒေါ်စန္ဒာမြင့်၊ ဒေါ်ခင်သီမာအေး၊ ဦးဝင်းမော်-ဒေါ်မွန်မွန်အေး၊ ကပ္ပတိန် ဦးဝင်းသန်းဦး-ဒေါက်တာမီမီသိန်း၊ ဒေါက်တာ ဒေါ်မာမာဝင်း(C.W.H)၊ ဦးအောင်သူ (RCL) - (S/N) ဒေါ်လဲ့လဲ့ဝင်း (ABCU-Y.G.H)၊ ဦးကျော်သူ-ဒေါ်လဲ့လဲ့ခိုင်၊ ဦးကျော်မောင်မောင်၊ ဒေါက်တာယုမောင်မောင်-ဒေါ်နှင်းမြင့်နိုင်၊ ဦးညွန့်ဝင်း-ဒေါ်ခင်ယုဝတီမြင့်၊ ဦးကိုကိုယု-ဒေါ်ဖြူဖြူဝင်း၊ ဦးယုညီထွေး၊ ဦးကျော်ဆန်းဦး-ဒေါ်မြသန္တာဝင်း၊ ဦးလှဆန်းဦး-ဒေါ်ယမင်းစု၊ဦးတင်ကိုကိုတို့၏အဒေါ်သည် ၂၃-၃-၂၀၀၄ရက် နံနက် ၁၁:၀၅ နာရီတွင် တိုက်အမှတ် A-1၊ အခန်း ၄၀၇၊ ရွှေဂုံသုအိမ်ရာ၊ ကြည့်မြင်တိုင်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူ တူ၊တူမများ။

ရဟန်းဒါယကာကြီး
ဦးဇာနည်ကျော်
ညောင်တုန်း၊ ရေနံမြေ
အသက်(၄၈)နှစ်

(ဦးသိန်းထွန်း-ဒေါ်စောလှ)တို့၏ သား၊ (ဦးတင်မြင့်-ဒေါ်သိန်းရီ)တို့၏ သားသမက်၊ ဒေါ်သန်းဝင်းမြင့်(ဦးစီးအရာရှိ၊ မအူပင်ခရိုင် စီမံကိန်းရုံး)၏ ခင်ပွန်း၊မသော်တာအောင်(အထက-၂၊ သာကေတ)၊ မောင်စစ်နောင်တို့၏ဖခင်သည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများကိုသိစေအပ်ပါသည်။ (အမှတ် ၄၀၄၊ တိုက် A(၁၀)၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့်
တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)
(F.E.R.D)
အသက်(၈၀)

ရန်ကုန်မြို့နေ(ဦးအုန်းခိုင်-ဒေါ်ကြင်မေ)တို့၏သမီး၊ (ဗိုလ်မှူးချုပ်တင်ဖေ)-ဒေါ်သိန်းဆိုင်(ဒေါ်မြတ်လေး)၊ ဦးယုတိတ်(ဗိုလ်ကြီး၊ ငြိမ်း)-(ဒေါ်ကြူကြူ)၊ (ဗိုလ်မှူးကြီးတန်ယုဆိုင် - ဒေါ်လှလှ)တို့၏ညီမ၊ ဒေါက်တာဦးတင်အေး (ဗိုလ်မှူးကြီး၊ ငြိမ်း)-(ဒေါက်တာဒေါ်မြမြ)၊(ဦးဝင်းမောင်)-ဒေါ်သန်းရီ(လ/ထ ညွှန်မှူး၊ လဝက၊ ငြိမ်း)၊ (ဦးကိုယု)-ဒေါ်သန်းမြင့်၊ (ဦးတင်ဦး-ဒေါ်မေစန်းရီ)၊ [ဗိုလ်ကြီးထွန်းရီ(လေ)]တို့၏အစ်မသည် ၂၃-၃-၂၀၀၄ရက် နံနက် ၁၁:၀၅ နာရီတွင် တိုက်အမှတ် A-1၊ အခန်း ၄၀၇၊ ရွှေဂုံသုအိမ်ရာ၊ကြည့်မြင်တိုင်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။

အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှကြည်
ဌာနစုမှူး(ငြိမ်း)၊နိုင်ငံခြားရေးဝန်ကြီးဌာန
အသက်(၇၈)နှစ်

(ဦးဟုန်ထျုန်-ဒေါ်ထော)တို့၏သား၊ (ဦးသက်လွင်-ဒေါ်တင်စိန်)၊ (ဦးတင်မြင့်-ဒေါ်တင်တင်ခိုင်)၊ (ဦးတတ်မိန်-ဒေါ်သန်းသန်း)၊ (ဒေါ်အေးအေး)၊ ဦးသန်းထွန်းချိန်-ဒေါ်တင်တင်တို့၏ ညီ/မောင်၊ တူ တူမ ၁၂ ယောက်တို့၏ ဦးလေး တာမွေမြို့နယ်၊ ငွေးကြွယ် (က)ရပ်ကွက်၊ သမာဒိဋ္ဌိလမ်း၊ အမှတ် ၄၈နေ ဦးလှကြည်သည် ၂၃-၃-၂၀၀၄ ရက် ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစံတင် (ကျောက်မြောင်း)
ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အမှတ်(၁)စက္ကူ/ဓာတု
အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ဓမ္မစိန္တာလမ်း၊အမှတ် ၇၉ နေ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဦးဖေစိုး(စက်ပြင်ဆရာ)-ဒေါ်အေးအေးကြည်၊ ဦးမြင့်ကြွယ်-ဒေါ်တင်တင်ကြည်၊ ဦးမျိုးဇော်ထွန်း၊ ဦးယျာမိုးထွန်း-ဒေါ်ကြင်ကြင်မြင့်၊ တကကသိန်းသန်းထွန်း-ဒေါ်သီတာထွန်း၊ မောင်အောင်ခန့်-မနီလာတင်တို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်စိန်
အသက်(၆၁)နှစ်

လှိုင်ကော်မြို့၊ ရှမ်းစုရပ်၊ လောပိတလမ်း၊ အိမ်အမှတ် ၅၇၊ (လွင် နာရီပြင်ဆိုင်)နေ (ဦးမောင်လွင်)၏ဇနီး၊ (မောင်မြတ်ခိုင်)၊ (မောင်အောင်အောင်)-မဝင်းဖြူ၊ မောင်ညီညီခိုင်-မဆိုင်လီ၊ မောင်ညီညီထွန်း၊ မောင်ညီညီထွေးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(မာတလိလမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

မြန်မာနှင့်တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အလားအလာများစွာရှိ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးပိုမိုမြင့်မားလာမည်

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယ ဝန်ကြီးချုပ် မဒမ်ဝူရီတို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁** ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပါဝင်ချီတက်ကြမည်ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့သည် စည်းလုံးညီညွတ်မှုကို ခိုင်ကျည်မြဲမြံစေလျက် တွဲလက်မဖြုတ်စတမ်း အနာဂတ်ပန်းတိုင်ဆီသို့ ဆက်လက်ချီတက်ကြမည် ဖြစ်ပါသည်။"

- * မြင့်ဝေလှိုင်၏ **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဆက်လက်ချီတက်ကြမည်"** ဆောင်းပါး *စာမျက်နှာ(၈-၉)*
- * **"တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** *စာမျက်နှာ(၇)*
- * မင်းရွှေမင်း(အင်းစိန်)၏ **"ဘယ်ဟာမူလပဓာန"** ကဗျာ *စာမျက်နှာ(၁၃)*
- * လှထွန်းဦး၏ **"နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အတွက် သစ္စာလေးချက်ကို အမြဲဦးထိပ်ပန်ဆင်ထားကြတယ်"** ကာတွန်း *စာမျက်နှာ(၄)*

အတွင်းရေးမှူး(၁) ဆင်မင်း(၂)ဘိလပ်မြေစက်ရုံ စက်ခလုတ်နှိပ်ဖွင့်လှစ် ဆင်မင်း(၂)ဘိလပ်မြေစက်ရုံမှ တစ်ရက်လျှင် တန်ချိန်(၇၀၀)ထုတ်လုပ်သွားမည်

ရန်ကုန် မတ် ၂၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ နွားလည်ကောက် တောင်ခြေအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဆင်မင်း(၂)ဘိလပ်မြေစက်ရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။ **စာမျက်နှာ ၁၀ ကော်လံ** ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့ ဆင်မင်း(၂)ဘိလပ်မြေစက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်) သံပေါင်ရာနှုန်းပြည့်တပ်ဆင်ပြီးစီး

ရေစီးသန်၍ ဝဲဂယက်ထန်သော သံလွင်မြစ်ကြီးကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးတံတားကြီး သံလွင်တံတား(မော်လမြိုင်) မုတ္တမဘက်ကမ်း RP-1 မှ မော်လမြိုင်ဘက်ကမ်း RP-22 အထိ ပင်မတံတားအပေါ်ထည်သံပေါင် ရာနှုန်းပြည့်တပ်ဆင်ပြီးစီးမှုကို မော်လမြိုင်ဘက်ကမ်းမှ မတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-ရန်ကင်းစိုးမင်း)

25-3 (20).p65 1 3/24/05, 10:56 PM